# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၇)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ကွေ့လင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ကွေ့လင်းမြို့ လိကျန်းမြစ်တစ်လျှောက်ရှိ သဘာဝသာယာလှပမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် နန်နင်းမြို့မှ ကွေ့လင်းမြို့သို့ သွားရောက်ရန် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Liyuan Hotel မှ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ လှည့်လည်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွေ့လင်းမြို့မှ ဟူပေပြည်နယ် ဝူဟန်မြို့သို့ရောက်ရှိကြရာ လေဆိပ်တွင် ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming နှင့် ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ ခေတ္တတည်းခိုမည့် Shangri-La Hotel သို့ ရောက်ရှိကြသည်။

**အမှတ်တရပေးအပ်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၂နာရီခွဲတွင် ဝူဟန်မြို့ရှိ (ထုံဖုန်း) Dongfeng Motor Corporation ဌာနချုပ်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ Mr. Liu Zhangmin က Dongfeng Motor Corporation ဖွဲ့စည်းထူထောင်ခဲ့သည့်သမိုင်းကြောင်း၊ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံခြားမော်တော်ကား ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ မော်တော်ယာဉ်အမျိုးမျိုး ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်အား ကုမ္ပဏီထုတ် ကုန်တင်မော်တော်ယာဉ်၏ပုံစံငယ်ကို အမှတ်တရပေးအပ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဝူဟန်မြို့ Proview Technology(Wuhan) Co. တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်းကထောင်ထားသည်
Established 1914

**အယ်ဒီတာ့ အာဘော်**

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

# နှစ်ပေါင်းရှည်ကြာစွာ ခိုင်ကျည်ဖြစ်ထွန်းနေမည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ဆက်ဆံရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင်ကျင်းပသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးအပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနှင့်တရုတ် နှစ်နိုင်ငံကြား တည်ရှိနေသော ခိုင်မြဲသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဆက်လက်အစွန့်ရှည်ရန်လည်း ဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံတို့သည် နှစ်ပေါင်းကြာရှည်စွာ ချစ်ကြည်ရင်းနှီးလာခဲ့သည့် နိုင်ငံများဖြစ်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖော်ဆောင်လျက်ရှိသော နိုင်ငံများလည်းဖြစ်သည်။ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေးလုပ်ငန်းများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် သွားလာလည်ပတ်ပြီး ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ဖော်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးအကူအညီများသာမက နိုင်ငံတကာနယ်ပယ်တွင်လည်း ထိရောက်သော အကူအညီများကို အိမ်နီးချင်း မိတ်ဆွေကောင်းပီသစွာ ကူညီလုပ်ဆောင်ပေးလျက်ရှိနေခဲ့ခြင်းမှာ နှစ်နိုင်ငံအကြားတည်ရှိသည့် လေးနက်သော ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံတို့သည် နှစ်ပေါင်းကြာရှည်စွာ ရင်းနှီးချစ်ခင်ခဲ့ကြသည့် အိမ်နီးချင်း မိတ်ကောင်းဆွေဖက်များ ဖြစ်သည်နှင့်အညီ တစ်ဦး၏အခက်အခဲကို တစ်ဦးက ကူညီဖြေရှင်းပေးခြင်း၊ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားလာလည်ပတ်ခြင်းတို့ဖြင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို နှစ်ပေါင်းရှည်ကြာစွာ ဆက်လက်ခိုင်ကျည် ဖြစ်ထွန်းနေမည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၆-၁၁-၂၀၀၆
(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၃၅ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၇၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မေးမြန်းစုံစမ်း
- ၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၂၁)



**အောက်တိုဘာ ၁၂ရက်က ပန်းဘဲတန်း မြို့နယ် (၅) ရပ် ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင် စီ ရုံးတွင် နယ် လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြ ပွဲနှင့် ဟော ပြော ပွဲ အ ခမ်း အ နား ကျင်းပရာ ပြန်ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် အမှတ်(၅)ရပ်ကွက်ဥက္ကဋ္ဌ ဦးအုံးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား ကုန်တင်ရထားများ တိုးချဲ့ပြေးဆွဲရန် သဘောတူညီ

**နယူးဒေလီ နိုဝင်ဘာ ၄**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် မူနာဘော်-ကိုခရာပါ မီးရထားကဏ္ဍ စတင်ဝန်ဆောင်မှုပေးပြီး ဝါဂါနာနှင့် အတ္တာရီ အကြား နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် မကြာမီ ကုန်တင်ရထားများ တိုးချဲ့ပြေးဆွဲရန် နိုဝင်ဘာ၂ရက်က သဘောတူညီခဲ့ကြသည်။

**သဘောတူ**

နှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ၂၀၀၆ ခုနှစ် မတ်လက အစ္စလမ္မာဘတ်မြို့၌ တတိယအကြိမ် ဆွေးနွေးခဲ့မှုအပေါ် အခြေခံလျက် သုံးရက်ကြာ နယူးဒေလီမြို့၌ ဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ သဘောတူခဲ့ကြခြင်း ဖြစ်သည်။

**ဆွေးနွေးခဲ့**

နှစ်နိုင်ငံတို့သည် ဝါဂါနှင့် အတ္တာရီ နယ်စပ်အကြား လစဉ်ကုန်တင်ရထားစင်းရေ ၂၀မှ ၂၂စင်းအထိ ပြေးဆွဲလျက်ရှိရာ ထိုစဉ်အတွင်း ဒေသပြည်သူများ အပြန်အလှန် ကူးသန်းရောင်းဝယ်ရေး တိုးတက်ရန် မူနာဘော်-ကိုခရာပါ မီးရထားဝန်ဆောင်မှုပေးရန်လည်း ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်မီးရထားမှ တာဝန်ရှိသူများက ပြောကြားသည်။

**(ပီတီအိုင်)**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၅**

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်အတွင်း ဖြစ်ပွားသောတိုက်ပွဲတွင် ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး နိုဝင်ဘာ ၂ရက်က သေဆုံးကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ၃ရက်တွင် ကြေညာသည်။

စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ပေါ်စီးနင်းလိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး နိုဝင်ဘာ ၂ရက်က သေဆုံးခဲ့ကြောင်း စစ်ဘက်ကကြေညာသည်။

၂၀၀၃ခုနှစ်မတ်လတွင် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်တိုက်ခိုက်ပြီးကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၈၁၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ့ငြိမ်းချမ်းရေး အမေရိကန်ခြိမ်းခြောက် အိမ်နီးချင်းနှင့် မဟာမိတ်နိုင်ငံပြည်သူများရှုမြင်

လန်ဒန် နိုဝင်ဘာ ၅

**အမေရိကန်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု အိမ်နီးချင်းနိုင်ငံများနှင့် မဟာမိတ်နိုင်ငံများမှ ပြည်သူတို့က ရှုမြင်ကြောင်း ဂါဒီယန်သတင်းစာ၏ ပြည်သူ့ဆန္ဒသဘောထားကောက်ယူမှု စစ်တမ်းများအရ သိရသည်။**

ဗြိတိန်၊ အစ္စရေး၊ ကနေဒါ၊ မက္ကဆီကို နိုင်ငံများမှ ပြည်သူ့ဆန္ဒသဘောထားကောက်ယူမှု စစ်တမ်းများကို အဆိုပါသတင်းစာက နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

**ယုံကြည်**

အမေရိကန်မူဝါဒသည် ၂၀၀၁ ခုနှစ်ကတည်းက ကမ္ဘာကြီးကို လုံခြုံမှုနည်းပါးအောင်လုပ်ခဲ့သည်ဟု ဗြိတိန်ပြည်သူ ၆၉ ရာခိုင်နှုန်းက ယုံကြည်သည်။

**အန္တရာယ်ကြီးမား**

အမေရိကန် မူဝါဒကြောင့် ကမ္ဘာကြီးမှာ ပိုမိုအန္တရာယ်ကြီးမားလာသည်ဟု ကနေဒါပြည်သူ ၆၂ ရာခိုင်နှုန်းနှင့် မက္ကဆီကို ပြည်သူ ၅၇ ရာခိုင်နှုန်းတို့က ပြောကြားသည်။

**ဖော်ပြ**

အရှေ့အလယ်ပိုင်းမှ အမေရိကန်၏ မဟာမိတ် အစ္စရေးနိုင်ငံတွင်မူ အမေရိကန်အား ထောက်ခံမှုကျဆင်းသွားသည်။ ၂၅ ရာခိုင်နှုန်းသော အစ္စရေးပြည်သူတို့က အမေရိကန်အား ထောက်ခံသော်လည်း ၃၆ ရာခိုင်နှုန်းက မထောက်ခံကြကြောင်း စစ်တမ်းကောက်ယူမှုများ၌ ဖော်ပြသည်။

**ယုံကြည်**

အီရတ်နိုင်ငံအား အမေရိကန်ကျူးကျော်မှုကို ဗြိတိန်ပြည်သူ ၇၁ ရာခိုင်နှုန်း၊ မက္ကဆီကို ပြည်သူ ၈၉ ရာခိုင်နှုန်းနှင့် ကနေဒါပြည်သူ ၇၃ ရာနှုန်းတို့က မတရားသောလုပ်ရပ်ဟု ရှုမြင်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**





## ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွေ့လင်းမြို့ ဆင်နှာမောင်းတောင် ရှုန်းဘီရှန်းကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ကွေ့လင်းမြို့တော်ဝန် မစ္စတာဇန်းရှုန်းလုံ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

### ● ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ရိုးရာအကအဖွဲ့ဝင်များနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ တာဝန်ရှိပုဂ္ဂိုလ်များအား နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျန်းဝမ်ရှယ်၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးဌာန ဒုတိယအကြီးအကဲ မစ္စတာ ဇန်းရှောင်ဟော့နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် China Southern Airlines ° မှ အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ ကွေ့လင်းမြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကွေ့လင်း လျန်ဂျန်းနိုင်ငံတကာလေဆိပ်သို့ရောက်ရှိကြသည်။

### ဂုဏ်ပြုပန်းစည်းပေး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လေဆိပ်တွင် ကွေ့လင်းမြို့ မြို့တော်ဝန် မစ္စတာဇန်းရှုန်းလုံ၊ ကွေ့လင်း ပြည်သူ့အစိုးရအဖွဲ့ အတွင်းရေးမှူး မစ္စတာ ကျန်းဘင်စွဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ကလေးငယ်တစ်ဦးက ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆိပ်မှ ကျူကျန်းဆိပ်ကမ်းသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် ကွေ့လင်းမြို့၏ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အထင်ကရနေရာတစ်ခုဖြစ်သည့် လိကျန်းမြစ်တစ်လျှောက် ပတ်ဝန်းကျင်ရှိ ကျောက်တောင်များ၏ သဘာဝသာယာလှပမှုများကို ရေယာဉ်ဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရန်ရှောင်းသို့ ရောက်ရှိကြပြီး ရန်ရှောင်းဆိပ်ကမ်း၌ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

### စုပေါင်းဓာတ်ပုံရိုက်

ထိုမှတစ်ဆင့် ဆင်နှာမောင်းတောင် ရှုန်းဘီရှန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိ လေ့လာကြပြီး စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လုဒီယန်ကျောက်တောင်သို့သွားရောက်၍ Reed Flute Caveကို ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ တာဝန်ရှိသူတို့က လိုဏ်ဂူ၏ သမိုင်းကြောင်း၊ လိုဏ်ဂူသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လာရောက် လေ့လာကြည့်ရှုကြမှု၊ လိုဏ်ဂူအား သဘာဝမပျက် ထိန်းသိမ်း စောင့်ရှောက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

### လိုက်လံကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လိုဏ်ဂူအတွင်း ဝင်ရောက်၍ ကျောက်ပန်း ကျောက်ခက်များဖြင့် လိုဏ်ဂူ၏ဆန်းကြယ်စွာသာယာလှပမှုများ၊ ခြင်္သေ့သဏ္ဌာန်၊ ပန်းပုံသဏ္ဌာန်များ၊ မှိုပွင့်ပုံသဏ္ဌာန်များစသည်ဖြင့် လှပစွာတည်ရှိနေမှုများ၊ နဂါးရစ်ခွေပူဇော်နေသည့် စေတီပုံသဏ္ဌာန်ရှိ ကျောက်တောင် ကျောက်စွယ်များနှင့် ဆန်းကြယ်လှပစွာ ဖြစ်ပေါ်နေသည့် လိုဏ်ဂူ၏အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လိုဏ်ဂူ၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် လိုဏ်ဂူမှ ပြန်လည်ထွက်ခွာကြပြီး ကွေ့လင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုများကိုမော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြကာ ခေတ္တတည်းခိုမည့် Ronghu ° Lake Hotel သို့ ရောက်ရှိကြသည်။

### ဂါရဝပြုတွေ့ဆုံ

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ကွေ့လင်းမြို့ မြို့တော်ဝန် မစ္စတာ ဇန်းရှုန်းလုံက Ronghu Lake Hotel ဧည့်ခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး ကွေ့လင်းမြို့ မြို့တော်ဝန်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းဝမ်ရှယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကွေ့လင်းမြို့တော်ဝန်က ကွေ့လင်းမြို့၏ တည်နေရာ၊ လူဦးရေ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာရေးစသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံနှင့်ဆက်လက်၍ အရှိန်အဟုန်မြင့် ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အလားအလာကောင်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းကောင်းများကိုပြန်လည်ရှင်းပြပြီး ဝန်ကြီးချုပ်နှင့် ကွေ့လင်း မြို့တော်ဝန်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွေ့လင်းမြို့ မြို့တော်ဝန်က Ronghu Lake Hotel၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွေ့လင်းမြို့ လုဒီယန်ကျောက်တောင်ကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)





---

# အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင်ညီလာခံကိုယ်စားလှယ်များ ဝတ်ပြုဆုတောင်း

**ရန်ကုန်　နိုဝင်ဘာ　၅**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး သန်လျင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲတော်ကို သွားရောက်ကြည့်ရှုကြည်ညိုသဒ္ဓါပွားများကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ ရောက်ရှိကြရာ သန်လျင်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကြည်ဦးနှင့် တာဝန်ရှိသူများ၊ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

### သမိုင်းအကျဉ်း

ထို့နောက် စေတီတော်ရင်ပြင်ရှိ ကြေးသွန်း မဟာမြတ်မုနိတန်ဆောင်းတော်ကြီး၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားပြီး စေတီတော်သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆံတော်ရှင်သမိုင်းဝင် ကျိုက်ခေါက်စေတီတော်သို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၃၆၈၄၅ကျပ်ကို စုပေါင်းပေးအပ်ကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။

### ဖူးမြော်ကြည်ညို

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအေးကျော်က ဂေါပကအဖွဲ့အား ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်ကို လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

### ရောက်ရှိ

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် အရှေ့ဘက် ကြာကန်မွှာရုံကြီး၌ သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော် ၂၆၄ပါးတို့အား မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများ၊ ရပ်ကွက် ကျေးရွာများမှ စေတနာရှင် အလှူရှင်များစုပေါင်း ကျင်းပသည့် သန်လျင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ ပွဲတော်သို့ ရောက်ရှိကြသည်။

### ကြည့်ရှုလေ့လာ

အဆိုပါအခမ်းအနားတွင် စေတနာရှင်အလှူရှင်များက တန်ဖိုး ငွေကျပ် ၁၃၄၈၀၇၄၀တန်ဖိုးရှိ ပဒေသာပင် ၂၆၄ ပင်နှင့် ငွေကျပ် ၁၈၃၉၅၀၀တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများအပါအဝင် စုစုပေါင်း ငွေကျပ်၁၅၃သိန်းကျော်တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များအား စေတနာသဒ္ဓါ တရားထက်သန်စွာလောင်းလှူကြရာအမျိုးသားညီလာခံကိုယ်စားလှယ်များက ကြည့်ရှုအားပေးကြည်ညိုသဒ္ဓါပွားများကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များနှင့် စေတနာရှင်များ၊ အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး သန်လျင်မြို့နယ်မှ နံနက် ၉ နာရီ ၄၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

### ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေ) မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရွှေပြည်အေးလမ်းရှိ “ကချင်နှစ်ခြင်းအသင်းတော်” ကျောင်းတော်သို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**

# စီမံကိန်းရည်မှန်းချက်များအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ငန်းများသတ်မှတ်ကာလပြီးစီးရေး အချိန်နှင့် တစ်ပြေးညီဆောင်ရွက် စပါးစိုက်ဧကများတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလုပ်ကိုင်

နေပြည်တော် နိုဝင်ဘာ ၅

မန္တလေးတိုင်း မိတ္ထီလာမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁ရက် နံနက် ၈နာရီတွင် မိတ္ထီလာမြို့ရှိ မိတ္ထီလာကန်သို့ရောက်ရှိကြပြီး ကန်ရေအခြေအနေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်ရေ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ–ကျောက်ပန်းတောင်း ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မိတ္ထီလာမြို့နယ် မြင်းကန်ကျေးရွာ အနီး၌ ကျင်းပသော မိတ္ထီလာခရိုင် အဆင့် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

### စုပေါင်းစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တို့က ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်အားပေး ကြည့်ရှုကြသည်။

### ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင် ရေလှောင်တမံသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှုနှင့် ပင်မတမံအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

### တောင်ရေ ရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်ရေ ရေလှောင်တမံသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ပင်မတမံမှ ဆက်သွယ်မြောင်း ဥမင်တစ်လျှောက် ရေပို့လွှတ်မှု၊ ဆက်သွယ်မြောင်း ဥမင်အထွက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တောင်ရေ ရေလှောင်တမံသည် ကြက်မောက်တောင်ရေလှောင်တမံ၏ ရေကူတမံဖြစ်ပြီး လက်ရှိစိုက်ပျိုးနေသော ဧရိယာများကို ရေလုံလောက်စွာ ပေးဝေနိုင်ရန်နှင့် သီးနှံစိုက်ဧရိယာများ တိုးချဲ့သွားနိုင်ရန်တို့အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းစီမံကိန်းသည် ပင်းချောင်းမှ ပိုလျှံသောရေကို ကျောက်တံခါ ရေလှောင်တမံတွင် ထိန်းသိမ်းပြီး တူးမြောင်းမှတစ်ဆင့် တောင်ရေတမံ၊ ၎င်းမှတစ်ဆင့် ကြက်မောက်တောင် ရေလှောင်တမံသို့ ရေကူဖြည့်ပေးခြင်းဖြစ်သည်။ ယခုနှစ်တွင် ကြက်မောက်တောင်တမံသို့ ရေဧကပေ ၂၈၀၀၀ ဖြည့်ပေးခဲ့ပြီး ကျောက်တံခါးတမံတွင် ထပ်မံဖြည့်တင်းပေးနိုင်ရန် ရေ ဧကပေ ၂၃၈၇၀ ကျန်ရှိပြီး နေ့စဉ် ဖြည့်တင်း ပေးလျက်ရှိကြောင်း သိရှိရသည်။

### ရှမ်းမငယ်ရေလှောင်တမံ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာ အနီးရှိ ရှမ်းမငယ်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းရည်မှန်းချက် အောင်မြင်အောင် တာဝန်ရှိသူများ အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး အတွက် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားသည်။

### မုန်တိုင်ရေလှောင်တမံ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအနီးရှိ မုန်တိုင်ရေလှောင်တမံသို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားကာ ပင်မတမံနှင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သီးကုန်းကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သီးကုန်းကျေးရွာအနီးရှိ ရန်ကုန်–မန္တလေး (၈)လမ်းသွား အမြန်ကားလမ်းမသစ်ကြီး တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါလမ်းမကြီးမှာ သာဂရ–ဆွာမှ ပြင်စည်ရွာ(မြင်းခြံ–နွားထိုးကြီး) ကားလမ်းအထိ အရှည် ၁၅၄ မိုင်ရှိ လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

### ညောင်ကုန်းရေလှောင်တမံ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တယ်ပင်ကုန်းကျေးရွာ အနီးရှိ ညောင်ကုန်း ရေလှောင်တမံသို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပင်မတမံ၌ ရေသိုလှောင်ထားရှိမှုနှင့် တမံပတ်ဝန်းကျင် စိုက်ပျိုးရေးအတွက် ရေပေးဝေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လွန်ဇင်တမံနှင့် လက်ခုပ်ပင်တမံ ဆက်သွယ်မြောင်း ရေတံခါးမှ ရေပို့လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လွန်ဇင်တမံသို့ ရောက်ရှိကာ တမံ၌ ရေသိုလှောင်ထားမှု အခြေအနေနှင့် တမံဆည်ရေသောက်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ချောင်းကောက်တမံ ရေထိန်း မျှော်စင်သို့ ရောက်ရှိကြပြီး တမံတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ် လက်သဲကြီး ကျေးရွာအနီးရှိ ချောင်းကောက် ရေလှောင်တမံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာဒေသဆန်ဖူလုံရေး၊ လွန်ဇင်၊ လက်ခုပ်ပင်နှင့် ညောင်ကုန်း ရေလှောင်တမံများ ပတ်ဝန်းကျင်ရှိ လယ်မြေများကို ဆည်ရေသောက် လယ်မြေများဖြစ်စေရေး၊ စပါးစိုက်ဧကများကို တိုးချဲ့စိုက်ပျိုးရေး တို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ မိတ္ထီလာကန်ရေကူ စီမံကိန်းသည် ချောင်းကောက်တမံမှ ပိုလျှံသောရေများကို တူးမြောင်းဖြင့် လွန်ဇင်တမံ၊ လက်ခုပ်ပင်တမံ၊ ညောင်ကုန်းတမံများသို့ အဆင့်ဆင့်ပို့လွှတ်ပြီး မိတ္ထီလာကန်သို့ ဆက်လက် ပေးပို့ခြင်းဖြစ်သည်။ ယခုနှစ်တွင် မိတ္ထီလာကန်သို့ ဧကပေ၈၈၅၀ ပေးပို့နိုင်ပြီး ထပ်မံ၍ ဧကပေ၃၃၀၀ကို ဆက်လက် ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ယင်းတော်ကန်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာရှိ ယင်းတော်ကန်သို့ရောက်ရှိကြရာ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့်တာဝန်ရှိသူများက ယင်းတော်ကန်ရေဖြင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ မိုးစပါး စိုက်ဧက ၂၂၈၂ ဧကသို့ ရေပေးဝေ စိုက်ပျိုးနိုင်သည့် အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ယင်းတော်ကန်နှင့်ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းဆောက်လုပ်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် ရတနာလမ်း အမှတ် ၃၄၇နေ အဘိုး၊ အဘွား၊ မိဘများကိုရည်စူး၍ ဦးတင်ဝင်း–ဒေါ်သန်းသန်းလှ မိသားစုက အလှူငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ရှေ့မှောက်တွင် အကျိုးတော်ဆောင် မောင်ဖိုးဇော်(ညောင်ဦး)ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး၊ ဦးဖိုးကျား၏ ဘိလပ်ပြန်၊ ကာလသမီးပျိုနှင့် ဆိုးလ်၏ မြူမှုန်များ၊ ရန်ကုန်နှင့် တောင်ကိုရီးယား အင်ချွန်အကြား မြန်မာ့လေကြောင်းပျံသန်းမည်၊ ခေတ်မီလူနာတင်ယာဉ်စနစ် ရန်ကုန်မြို့တွင် မကြာမီစတင်မည်၊ ပို့ကုန်သွင်းကုန် ဈေးနှုန်းသတ်မှတ်ပေးရာတွင် လုပ်ငန်းရှင်များအတွက် အခက်အခဲရှိပါက ကော်မတီသို့ ကိုယ်တိုင်တက်ရောက် ဆွေးနွေးနိုင် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"ပြည်ပရင်းနှီးမြှုပ်နှံသူတွေ တဖြည်းဖြည်းဝါးမျိုလာတဲ့ ပရီမီယာလိဂ်"အားကစား သတင်းဆောင်းပါးနှင့်အတူ တရုတ်နှင့် အာဆီယံဒေသကုန်သွယ်ရေး ၂၀၀၈တွင် ဒေါ်လာကုဋေနှစ်သောင်းအထိ ရောက်နိုင်၊ ၁၄ထပ်မှလိမ့်ကျသော စင်ကာပူသား ပွန်းပဲ့ရုံသာဒဏ်ရာရ၊ နှာချေဆတ်ခြင်းက ရောဂါပိုး အလွန်မြောက်မြားစွာဖြန့်ချိ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(က–ပ)**

## ပုပ္ပား–၂ မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား–၂ မိုးကုတ်ဝိပဿနာကျောင်းတွင် လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၄၄)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲတွင် ပုပ္ပား–၂ မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား–၃ မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ အနေဖြင့် (တန်ဆောင်မုန်းလပြည့်ကျော်၃ရက်) နိုဝင်ဘာ၇ရက် (အင်္ဂါနေ့) ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း– ၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကျိုက္ကလော့စေတီတော်မြတ်၌ မသိုးသင်္ကန်းပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့ စေတီတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို စေတီတော်ရင်ပြင်တော်တွင် နိုဝင်ဘာ ၃ရက် (တန်ဆောင်မုန်းလဆန်း၁၄ရက်) သောကြာနေ့ ညနေ ၅နာရီတွင် ကျင်းပရာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့်တာဝန်ရှိသူများက ...

တပ်နယ်မှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဇနီး ဒေါ်သဥ္ဇာဝင်းစိန် တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရက်လုပ်ပြီးစီးသည့် သင်္ကန်းများကို စေတီတော်ဝတ်အဖွဲ့များမှ အခန်းဖွဲ့ချုပ်လုပ်၍ ရွှေကြာသင်္ကန်းပြုလုပ်ပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့ နံနက်၅နာရီတွင် စေတီတော်အာရုံခံ တန်ဆောင်းများရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းသည်။

### ဆုများချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရ သုနန္ဒာစင်တော်၊ ဒုတိယဆုရ သုမာလာစင်တော်၊တတိယဆုရမယ်ဘဒ္ဒါစင်တော်နှင့် နှစ်သိမ့်ဆုရ မာလိကာစင်တော်၊ ဝိသာခါစင်တော်တို့အား တပ်နယ်မှူး ဗိုလ်မှူးချုပ်ရာပြည့်က ဆုများချီးမြှင့်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

❒ *ကျော်ဖုံးမှ*

အိန္ဒိယအသင်းတို့ကိုလည်းကောင်း၊အမျိုးသား (Compound) အသင်းလိုက် (Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော မလေးရှား၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော မြန်မာ၊ တတိယ (ကြေးတံဆိပ်) ရရှိသော ဖိလစ်ပိုင်တို့ကိုလည်းကောင်း။

အမျိုးသား (Recurve) အသင်းလိုက် (Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော အိန္ဒိယ၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော မလေးရှား၊ တတိယ(ကြေးတံဆိပ်) ရရှိသော တရုတ်-တိုင်ပေ တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသား (Recurve) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော Mr. C C Sian (မလေးရှား)၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော Mr. C W Kuo (တရုတ်-တိုင်ပေ)၊ တတိယ(ကြေးတံဆိပ်)ရရှိသော ဇော်ဝင်းထိုက်(မြန်မာ) တို့ကိုလည်းကောင်း။




**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ အမျိုးသား (Recurve) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်)ရရှိသော အိန္ဒိယအသင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### ဆုချီးမြှင့်

အမျိုးသား(Compound) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော Mr. E B J Yap (ဖိလစ်ပိုင်)၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော Mr. L. H Keong(မလေးရှား)၊ တတိယ(ကြေးတံဆိပ်)ရရှိသော ရဲမင်းဆွေ (မြန်မာ) တို့ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆုချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီး (Compound) F.I.T.A Round အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ (Team Ranking)တွင် ပထမ(ရွှေတံဆိပ်)ရရှိသော အိန္ဒိယအသင်း၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော အင်ဒိုနီးရှားအသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော မြန်မာအသင်းတို့ကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဆုချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီး (Recurve) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲ(Team Ranking)တွင် ပထမ(ရွှေတံဆိပ်) ရရှိသော တရုတ်-တိုင်ပေအသင်း၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော အင်ဒိုနီးရှားအသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော အိန္ဒိယအသင်းတို့ကိုလည်းကောင်း၊ အမျိုးသမီး (Compound) အသင်းလိုက် (Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော အိန္ဒိယ၊ ဒုတိယ (ငွေတံဆိပ်) ရရှိသော အင်ဒိုနီးရှား၊ တတိယ (ကြေးတံဆိပ်) ရရှိသော မြန်မာတို့ကိုလည်းကောင်း၊ အမျိုးသမီး (Recurve)အသင်းလိုက် (Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော တရုတ်-တိုင်ပေ၊ ဒုတိယ (ငွေတံဆိပ်) ရရှိသော အိန္ဒိယ၊ တတိယ(ကြေးတံဆိပ်) ရရှိသော ကာဇက်စတန် တို့ကိုလည်းကောင်း၊ အမျိုးသမီး (Compound) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်)ရရှိသော Ms. A Paz (ဖိလစ်ပိုင်)၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော Ms.J Hans Dah (အိန္ဒိယ)တတိယ (ကြေးတံဆိပ်) ရရှိသောMs. B C Hanu(အိန္ဒိယ) တို့ကိုလည်းကောင်း၊ အမျိုး သမီး (Recurve) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော Ms.Y H Lai (တရုတ်-တိုင်ပေ)၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော Ms.H J Wu (တရုတ်-တိုင်ပေ)၊ တတိယ (ကြေးတံဆိပ်) ရရှိသော Ms.C Swuro (အိန္ဒိယ) တို့ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

### ညစာတည်ခင်း

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ ပြိုင်ပွဲကြီး ဖြစ်မြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## First Myanmar Investment ကုမ္ပဏီ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

First Myanmar Investment Co., Ltd. (F.M.I Co., Ltd.) ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

### မိတ်ဆက်

အစည်းအဝေးတွင် FMI Co., Ltd. ၏ အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်ဒါရိုက်တာများ SPA (M) Ltd. မှ CEO Mr. Martin Pun တို့နှင့် အသင်းသားများအား မိတ်ဆက်ပေးပြီး FMI Co., Ltd. အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးကြီး၏ သဘာပတိ ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား) က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် FMI Co., Ltd. ၏ ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး FMI Co., Ltd. ၏ လုပ်ငန်းအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

### အတည်ပြု

ထို့နောက်တင်ပြသည့် ကိစ္စရပ်များအပေါ် အစုရှယ်ယာရှင်များနှင့် ဧည့်သည်တော်များ၏ မေးမြန်းဆွေးနွေးအကြံပြုချက်များကို ပြန်လည်ဖြေကြားပြီး ၂၀၀၅-၂၀၀၆ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာကို တင်ပြအတည်ပြုချက် ရယူသည်။

ယင်းနောက် FMI Co., Ltd. ၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် အမှုဆောင်ဒါရိုက်တာများအား ရွေးချယ်တင်မြှောက်ကြပြီး ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် စာရင်းစစ်ရွေးချယ် ခန့်အပ်၍ သဘာပတိက နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





## မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားရန် ပါကစ္စတန်တပ်မတော်အသင်းရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားရန် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းခေါင်းဆောင် Brigadier General, Muhammad Naseem Khan ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

### ကြိုဆိုနှုတ်ဆက်

အဆိုပါ ပါကစ္စတန် တပ်မတော်ဘောလုံးအသင်းအား တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Zafar Jamil နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင် အမှာစကား ပြောကြားစဉ်။** (က-ပ)





**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဘုရား၊ တန်ဆောင်း၊ သိမ်၊ကျောင်း၊ ရဟန်းမယ်တော်ကြီး ကျေးဇူးရှင်မိခင် ဒေါ်စိန်အား ရည်စူး၍ ကျန်ရစ်သူ သမီး ဒေါ်သန်းသန်း၊ ဒေါ်ခင်ပြုံး၊ သားမောင်ဝင်းနိုင်၊ မောင်ထွန်းထွန်း မိသားစု သာကေတတို့က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ကုန္ဒက ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**ရန်ကုန်တိုင်း တာမွေမြို့နယ် ဆုထူးပန် ပရိယတ္တိ ရွှေကျင်ကျောင်းတိုက် ဆုထူးပန် သုခကာရီဓမ္မာရုံ ရေစက်ချမင်္ဂလာအခမ်းအနားနှင့် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ အလှူရှင် ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်) မိသားစုက ကထိန်လျာသင်္ကန်းကို နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ မြို့နယ်သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသဉ္ဇာပဏ္ဍိတထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာ ဂေါက်ကလပ်က ကျင်းပသော စတုတ္ထအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲ၌ အသက်(၁၀-၁၂)နှစ်၊ အသက်(၁၃-၁၅)နှစ်၊ အသက်(၁၆-၂၀)နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အထိဟူ၍ လေးတန်းခွဲခြားပြီး ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများ၌ သက်တန်းအလိုက် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ဆုများကို Han Golf Masters Pte.,Ltd. က အဓိက ကူညီပံ့ပိုးပေးပြီး Srixon, Myanmar Golf Club Driving Range, Han Golf Masters Academy, Han Event Management, Golf Masters Magazine and Han Golf Course Design & Construction တို့က Co-Sponsors များအဖြစ် ထပ်မံပါဝင် ကူညီကြမည်ဖြစ်သည်။

နယ်မှဝင်ရောက်ယှဉ်ပြိုင်လိုသူ အားကစားသမားများအား အသက်(၁၀)နှစ်အထက် ပြိုင်ပွဲအတွက် ပြိုင်ပွဲအတွင်း နေထိုင်တည်းခိုမှုများကို အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ထားသည်။

### ကြိုတင်စာရင်းသွင်း

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်ကလပ်သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင် စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မြန်မာဂေါက်ကလပ် ဖုန်း-၆၆၁၇၀၂ နှင့် Han Event Management ရုံးခန်းမ ဖုန်း-၅၄၂၉၈၉၊ ၇၂၃၂၂၁ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်တရလက်ဆောင်ကို ပြန်လည်ပေးအပ်၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှု**

ထို့နောက် Dongfeng Peugeot Citroen Automobile Co., Ltd. သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်ယာဉ်များအား စက်ပစ္စည်းလိုင်းအလိုက် တပ်ဆင်နေမှုများကို ကြည့်ရှုကြသည်။ ဆက်လက်၍ ကုမ္ပဏီထုတ် မော်တော်ယာဉ်ယာဉ်များကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝူဟန်စီးပွားရေးနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းခန်းမ၌ ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming က ဇုန်နှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

သည့် ခေတ်မီကွန်ပျူတာများနှင့် ရုပ်မြင်သံကြားစက်များကို ပြသကြသည်။

ဆက်လက်၍ ကွန်ပျူတာတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလှည့်လည်ရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် ဝူဟန်မြို့ East Lake Hotel ၌ ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Luo Qingquan နှင့် တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မု၊ ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Li Chunming၊ ဟူပေပြည်နယ် ပြည်သူ့အစိုးရအဖွဲ့ အထွေထွေအတွင်းရေးမှူး Mr. Duan Lunyi၊ ဒုတိယ အထွေထွေအတွင်းရေးမှူး Mr. Wang Guoyao၊ ဝူဟန်မြို့တော်ဝန် Mr. Li Xiansheng နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ခြေသို့သွားရောက်ကြပြီး ယာဉ်ယာဉ်များဖြင့် ယန်ဇီမြစ်ကမ်းခြေ တစ်လျှောက် ပြည်သူလူထု အခမဲ့အပန်းဖြေအနားယူ ကျန်းမာရေးလေ့ကျင့်ခန်း ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသော ကမ်းခြေ ဥယျာဉ်အတွင်း လှည့်လည်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တ တည်းခိုသည့် Shangri-La Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲတွင် ဝူဟန် သံနှင့်စတီးဂရု(ပ်) ကုမ္ပဏီလီမိတက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ဧည့်ခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Deng Qi Lin က ကုမ္ပဏီ၏သမိုင်းကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး၌ အဓိက လိုအပ်သည့် အရည်အသွေး ကောင်းမွန်သော သံနှင့်သံမဏိများ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း**

ယင်းနောက် ဝန်ကြီးချုပ်က မြန်မာနိုင်ငံရှိ ပေါကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များအခြေအနေ၊ သံနှင့်သတ္တုသိုက်တည်ရှိမှုနှင့် လာရောက်



ဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုကြသည်။

ဆက်လက်၍ ကုမ္ပဏီထုတ်သံနှင့်သံမဏိပစ္စည်းများကို အသုံးပြု ထုတ်လုပ်ထားသည့် မော်တော်ယာဉ် နမူနာများ၊ ကုန်သေတ္တာနမူနာ၊ တံတားနမူနာ၊ ရေနံပိုက်နမူနာတို့ကို လည်းကောင်း၊ သံနှင့်သံမဏိ ထုတ်လုပ်ရာတွင် ဆက်စပ်အသုံးပြုသည့် ကုန်ကြမ်းပစ္စည်း နမူနာများကို လည်းကောင်း

**လာရောက်တွေ့ဆုံ**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဝူဟန်မြို့ East Lake Hotel၌ ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

က Central China Power Grid Co.,Ltd. က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ကွန်ရက်စနစ်များ၊ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပမာဏနှင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းတွင် နိုင်ငံတကာရှိ ကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်မှု**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းကို ဝန်ကြီးဌာနနှစ်ခုခွဲ၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အရင်းအနှီး၊ နည်းပညာ အကူအညီနှင့် ပူးပေါင်း ဆောင်ရွက်မှုများ လိုအပ်ကြောင်း။

Central China Power Grid ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရေအား

**ရှင်းလင်းပြသ**

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏ လျှပ်စစ်ဓာတ်အား ဗဟိုထိန်းချုပ်ခန်းနှင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဝူဟန်နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိကြသည်။

ဝူဟန်လေဆိပ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Li Chunming က ဝူဟန်မြို့ခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်ပို့ဆောင်နှုတ်ဆက်ကြသည့် ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဝူဟန်မြို့ Central China Power Grid Co., Ltd. ဥက္ကဋ္ဌ Mr.Xie Ming Liang က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံနိုင်မှုနှင့် အခွင့်အလမ်းတို့ကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ကုမ္ပဏီဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကုမ္ပဏီ၏

တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီ မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် သံနှင့် သံမဏိစက်ရုံသို့ ရောက်ရှိကြပြီး သံသတ္တုရိုင်းမှ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝူဟန်မြို့ရှိ ဝူဟန်သံနှင့်စတီးဂရု(ပ်)ကုမ္ပဏီလီမိတက်တွင် သံပြားထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယအထွေထွေညွှန်ကြားရေးမှူး Mr. Li Zhoging က ဝူဟန်စီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန်သမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းခဲ့ရမှုများ၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏အားပေးပံ့ပိုးမှုများ၊ ဝူဟန်စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက အထူးစီးပွားရေးဇုန် ဥပဒေပြဋ္ဌာန်းမှုများ၊ ဇုန်၏စီမံခန့်ခွဲမှုစနစ်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ လာရောက်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများ၏ တာဝန်နှင့် အခွင့်အရေးများနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် ဇုန်မှတာဝန်ရှိသူတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

**ပြသ**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Proview Technology (Wuhan) Co. သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကုမ္ပဏီကထုတ်လုပ်

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံများအတွင်း အထူးစီးပွားရေးဖွံ့ဖြိုးမှုဇုန်များ၊ စက်မှု၊ စီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များ ထူထောင်မှု အခြေအနေများ





ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဟူပေပြည်နယ်နှင့် စီးပွားကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယန်ဇီမြစ်ကမ်း

သံနှင့် သံမဏိထုတ်လုပ်မှု လုပ်ငန်းအခြေအနေများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

**မှတ်တမ်းဓာတ်ပုံများကြည့်ရှု**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝူဟန် သံနှင့်စတီးဂရု(ပ်) ကုမ္ပဏီလီမိတက်ရှိ သံနှင့် သံမဏိစက်ရုံများ၏ ပုံစံငယ်များကို လည်းကောင်း၊ မှတ်တမ်း

သံမဏိသံပြားဖြစ်သည်အထိ အဆင့်ဆင့် ကျိုချက်၊ ပုံသွင်း ဖိကြိတ်နေမှုများကိုလည်းကောင်း၊ သံမဏိသံပြားလိပ်အဖြစ်အဆင့်ဆင့် ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် Central China Power Grid Co., Ltd. သို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr.Xie Mingliang

လျှပ်စစ်ထုတ်လုပ်နိုင်မည့် လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Central China Power Grid Co.,Ltd. ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ယန်စီမြစ်ကမ်းခြေ

နိုဝင်ဘာ ၂ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝူဟန်မြို့ရှိ ယန်စီမြစ်ကမ်းခြေတွင် ကြည့်ရှုလေ့လာစဉ်။

(သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)







## ကြည့်ရှုလေ့လာ

နိုဝင်ဘာ ၂ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝူဟန်မြို့ ဟူပေပြည်နယ်ရှိ **Dongfeng Peugeot Citroen Automobile Co., Ltd.** ၏ မော်တော်ယာဉ်ငယ်များအား စက်ပစ္စည်း တပ်ဆင်နေမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)

## ရဲရင့်အားမာန် ခြသေ့ံဟန်

- ရာဇပလ္လင်၊ နန်းဉကင်နှင့်
  အားအင်လက်ရုံး၊ မိုးသို့ချွန်းသည့်
  ဟိုတုန်းကခေတ်၊ ပြန်တွေးစစ်သော်
  မျိုးချစ်အောင်လံ၊ ဝဲလွင့်ပျံ၍
  ရန်ဟူသမျှ၊ မြေခဦးကျိုး
  ခြေသုတ်ကြိုးနှယ်
  ဝပ်လျှိုးတုပ်ပျပ်၊ ငြိမ်းချုပ်လတ်အောင်
  သတ္တိအစွမ်း၊ အံ့မခန်းမျှ
  တစ်ဝန်းကမ္ဘာ၊ ကျော်ခဲ့ပါသည်
  မြန်မာဂုဏ်မြင့်ခဲ့သည့်တကား။
- ထီးသုဉ်း နန်းသုဉ်း၊ မြို့လည်းသုဉ်း၍
  ရှုံးရအမှန်၊ သုဉ်း သုံး တန်ဝယ်
  မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
  ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
  မီးထလျှံတောက်၊ သူ့ကိုခြောက်လျက်
  မကြောက်ဘိသေး၊ လွတ်လပ်ရေးကို
  ပေးလော့ခြောင်းခြောင်း၊ ငါတို့တောင်း၍
  စုပေါင်းအားပြ၊ တိုက်ခိုက်ကြ၏
  မြန်မာ့မြေအား၊ တိုင်းတစ်ပါးက
  ထိပါးမခံ၊ တပ်လှန့်သံနှင့်
  တွန်းလှန်ရဲစွာ၊ အောင်ခဲ့ပါသည်
  မြန်မာဂုဏ်တင့်ခဲ့သည့်တကား။
- "ရာဇဝင်တစ်ခေတ်၊ သစ်ခဲ့ဖူးသည်"
  "သူ့ကျွန်အဖြစ်၊ နစ်ခဲ့ဖူးသည်"
  "ဇာနည်မျိုးချစ်၊ စစ်ခဲ့ဖူးသည်"
  ပြည်မြန်မာသား၊ ငါတို့အားမှာ
  မခြားမကွဲ၊ တစ်စိတ်ထဲပင်
  ရဲရင့်အားမာန်၊ ခြသေ့ံဟန်ဖြင့်
  ဖြောင့်မှန်စည်းလုံး၊ ညီညွတ်ထုံးဖြင့်
  ကျင့်သုံးခိုင်ကြံ့၊ စိတ်နေခံ့သော်
  နိုင်ငံ့သိက္ခာ၊ နေသို့ဖြာလျက်
  မြန်မာတို့၏၊ ဂုဏ်အရှိန်လျှင်
  မိုးထိမြင့်တိုင် ခိုင်လိမ့်တကား။ ။

**[ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကိုဂုဏ်ပြုလျက်–]**

**မြင်းမူမောင်နိုင်မိုး**

## ဖဲကြိုးဖြတ်ဖွင့်

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမာနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



## သတ္တုတွင်းဝန်ကြီးဌာန စုပေါင်းဘုံကထိန်ပွဲကျင်းပ ဝန်ကြီးနှင့်ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်

**နေပြည်တော် နိုဝင်ဘာ ၅**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ကြီးဌာနမိသားစု ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ၃ရက် နံနက်၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပဏ္ဍိတာရာမကျောင်းတိုက်ပဓာနနာယကဆရာတော်ပဏ္ဍိတာနန္ဒအမှူးပြုသည့် သံဃာတော်များ၊ ကျောင်းသစ် ကျောင်းစာသင်တိုက်မှ သံဃာတော်များ၊ ဂုဏ်းထောက် ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ ကြွရောက်တော်မူကြပြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဏ္ဍိတာရာမကျောင်းတိုက်ဆရာတော် အမှူးပြုသည့် သံဃာတော်များက ပရိတ်တရား၊ အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။

### နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






အောက်တိုဘာ ၂၈ရက်က ဒဂုံမြို့နယ် အထက(၂)၌ ကျောင်းနှင့်ဝန်းကျင် ရက်သတ္တပတ် သန့်ရှင်းရေးနေ့ အထိမ်းအမှတ် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က–ပ)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်အား Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

* *ကျောဖုံးမှ*

## ချောမွေ့မြန်ဆန်

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စက်ရုံအလုပ်ရုံများ ထူထောင်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ အစိုးရအချင်းချင်းဖြစ်စေ၊ ပြည်သူအချင်းချင်းဖြစ်စေ၊ အစိုးရဌာနများနှင့် ပြည်သူများအချင်းချင်းဖြစ်စေ လုပ်ငန်းများဆောင်ရွက်ရာ၌ ဘဏ်လုပ်ငန်းများချောမွေ့ မြန်ဆန်အောင် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အောက်တိုဘာ ၂၉ ရက် ညနေ၃နာရီ၁၅မိနစ်တွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ Yunnan United Power Development Co., မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဟွမ်ကွမ်းမင်နှင့်အဖွဲ့ဝင်များအားလည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် China Gezhouba (Group) Corporation ဥက္ကဋ္ဌ မစ္စတာယန်ကျိုရှွေနှင့်အဖွဲ့ဝင်များအားလည်းကောင်း လက်ခံတွေ့ဆုံသည်။



**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား Beijing Vantoni Industry & Trade ဒုတိယ ဥက္ကဋ္ဌ Mr. Shou Jingsong နှင့် အဖွဲ့ဝင်များက နန်နင်းမြို့ Wharton International Hotel ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

### လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၀ ရက် နံနက်၁၁နာရီခွဲတွင် Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)၌ China Power Investment Corporation ဒုတိယဥက္ကဋ္ဌ မဒမ်ကျန်းရှောင်လုနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)၌ ZTE Corporation ဥက္ကဋ္ဌ မစ္စတာဟုန်ဝေကွေ့နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### အကျိုးတူပူးပေါင်းဆောင်ရွက်

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံပြည်သူများ၊ ကုမ္ပဏီအဖွဲ့အစည်းများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နေမှုများ၊ အရင်းအနှီးနှင့် နည်းပညာပိုင်း၌ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းအောင်မြင်မှုရရှိနေပုံများ၊ မြန်မာ–တရုတ် နှစ်နိုင်ငံ၏အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာအခြေအနေကောင်းများကို ဆွေးနွေးကြသည်။

### လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌက အောက်တိုဘာ၃၁ရက် ညနေပိုင်းတွင် Liyuan Hotel၌ လာရောက်ဂါရဝပြုတွေ့ဆုံခြင်းမပြုမီပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် ဖွံ့ဖြိုးရေးဘဏ်တို့အကြား နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အထွေထွေသဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပွဲကို အဆိုပါဟိုတယ်အစည်းအဝေးခန်းမ၌ပင်ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### သဘောတူစာချုပ်လဲလှယ်

အခမ်းအနားတွင် သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် တရုတ် ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်စာချုပ်ကို လဲလှယ်ကြသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်တို့ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အထွေထွေသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China IPPR International Engineering Corporation ဒုတိယဥက္ကဋ္ဌ Mr. Shu Shi An သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ Wharton International Hotel သို့ လာရောက်တွေ့ဆုံသည်။

### သင်ရိုးဇယားဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် မန္တလေးမြို့၌ တည်ဆောက်လျက်ရှိသည့် စက်မှုလက်မှုပညာသင်ကျောင်း ဆောက်လုပ်ရေးလုပ်ငန်းကိစ္စများနှင့်အဆိုပါကျောင်းအတွက် သင်ရိုးဇယားကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးအား XJ Group Corporation ဥက္ကဋ္ဌ Mr. Wang Jinian နှင့်အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်၌ပင် လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဘက်စုံသုံးဒီဇယ်အင်ဂျင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ထက်စောပြီး စီးပွားရေးကိစ္စများကိုဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား China National Machinery Import and Export Corporation ဥက္ကဋ္ဌ Mr. Tang Yi နှင့်အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပဲခူးတိုင်း သာဂရ၌ ဟိုက်ဒရိုတာဘိုင်နှင့် ဂျင်နရေတာစက်ရုံ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ ထို့နောက် ဝန်ကြီးအား China CAMC Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Wang Bo နှင့် အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ရေဒီယေတာစက်ရုံတည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Liao Yongyuan နှင့်အဖွဲ့ဝင်များက နန်နင်းမြို့ Liyuan Hotel၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

### စက်ရုံတည်ဆောက်ရေး

ဆက်လက်၍ ဝန်ကြီးအား Shaandong Shantui Construction Machinery Import & Export Co., Ltd. မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံကြပြီး ဘူဒိုဇာနှင့် မြေထိုးစက်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား Beijing Vantoni Industry & Trade ဒုတိယဥက္ကဋ္ဌ Mr. Shou Jingsong နှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်ညပိုင်းတွင် ကွေ့လင်းမြို့ Ronghu Lake Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘက်စုံသုံး အင်ဂျင်များကို မော်တော်ယာဉ်ကြီးများ၌ စနစ်တကျတပ်ဆင်အသုံးပြုနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးအား Shenzhen Hubei Baofeng Industry Co., Ltd. ဒါရိုက်တာ Mr. Tao Yong နှင့်အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်သို့လာရောက်တွေ့ဆုံကြသည်။

### ရေဒီယေတာစက်ရုံ

ယင်းသို့တွေ့ဆုံရာတွင် ဘီးလင်းမြို့အနီး၌ ရေဒီယေတာစက်ရုံတည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် အောက်တိုဘာ ၃၁ ရက်မွန်းလွဲ၁၂နာရီခွဲတွင် နန်နင်းမြို့ Green Mountain Park ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဘိုရှီလိုင်တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် နန်နင်းမြို့ Wharton International Hotel ၌ နန်နင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ကွင်ဖူမင်း၊ တရုတ်–အာဆီယံစီးပွားရေးကောင်စီ ဒုတိယအမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာဆူနင်းနင်းတို့က လာရောက်တွေ့ဆုံကြသည်။

### ရင်းနှီးမြှုပ်နှံရေး

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်

လည်း တက်ရောက်ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နန်နင်းမြို့ရှိ တရုတ်-အာဆီယံ နိုင်ငံတကာစီးပွားရေးဇုန်၌ မြန်မာနိုင်ငံပါဝင်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်-အာဆီယံစီးပွားရေးကောင်စီ ဒုတိယအမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာ ဆူနင်းနင်းနှင့် ကုန်သည်ကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ PetroChina Co., Ltd.မှ ဒုတိယဥက္ကဋ္ဌ Liao Yongyuan နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈) သို့ လာရောက်တွေ့ဆုံကြသည်။

## စွမ်းအင်ဆိုင်ရာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် စွမ်းအင်ဆိုင်ရာကိစ္စများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား China Huanqiu Contracting °& Engineering Corporation ဥက္ကဋ္ဌ Mr. Wang Shihong သည် ညနေ ၆ နာရီ ၁၀ မိနစ်တွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံပြီး ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး၊ ပေနက်တွင်းတူးစက် ဝယ်ယူရေးကိစ္စများကိုဆွေးနွေးကြသည်။

ထို့အတူ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား China National Oilfield Development Corporation ဒုတိယဥက္ကဋ္ဌ Mr. Song Yi Wu သည် ည ၇ နာရီတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈) သို့ လာရောက်တွေ့ဆုံသည်။

## ရေနံနှင့်သဘာဝဓာတ်ငွေ့

ထိုသို့တွေ့ဆုံရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited ဥက္ကဋ္ဌ Mr. Xu Fa သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရမ်းဗြဲနှင့် ကျောက်ဖြူဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopec ကုမ္ပဏီဥက္ကဋ္ဌ Mr. Lei Wenju နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက်နံနက် ၇ နာရီခွဲတွင် ဂူဟန်မြို့ Shangri-La Hotel သို့လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ကနီ မဟူတောင်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Yunnan Machinery & Equipment Imp°/ Exp Co., Ltd. ဥက္ကဋ္ဌ Mr. Feng Ke နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက် နံနက်၉နာရီခွဲတွင် Wharton International Hotel သို့ လာရောက်တွေ့ဆုံကြသည်။

## အဆင့်အတန်းပိုမိုမြင့်တင်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထား အဆင့်အတန်းပိုမိုမြင့်တင်ရေး အတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Kunming Railway° မှ Business General Manager, Mr. Huang Guo Yong နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် Wharton International Hotel သို့ လာရောက် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထား၏ စက်ခေါင်းတည်ဆောက်ရေးစီမံကိန်း၌ စက်ပစ္စည်းများနှင့် နည်းပညာအကူအညီပေးရေးကိစ္စများကို ဆွေးနွေးကြသည်။

## စက်အရန်ပစ္စည်း

ဆက်လက်၍ ဝန်ကြီးအား SDMECO(Shan Dong) Co. ဒုတိယဥက္ကဋ္ဌ Billy Guan နှင့် အဖွဲ့ဝင်များက တွေ့ဆုံကြပြီး မြန်မာ့မီးရထား၌ အသုံးပြုလျက်ရှိသည့် စက်ခေါင်းများအတွက် စက်အရန်ပစ္စည်းများ ရရှိရေးကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Chira Northern Locomotive and Rolling Stock ဒုတိယအထွေထွေမန်နေဂျာ Chen Dayong နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက် ည၉နာရီခွဲတွင် Wharton International Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထား၏ စက်ခေါင်းတည်ဆောက်ခြင်း၊ အင်ဂျင်လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများ၌ နည်းပညာအကူအညီပေးရေးကိစ္စများကို ဆွေးနွေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery& Equipment Imp/Exp Co.,Ltd. ဥက္ကဋ္ဌ မစ္စတာ ဖန်ကီသည် အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီတွင် နန်နင်းမြို့ Wharton International Hotel သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရွှေလီ(၁)၊ အထက်ပေါင်းလောင်း၊ နန်ချို၊ ဝက်ဝံ၊ ဓာတ်တော်ချိုင့်နှင့် ဇော်ဂျီ(၁)ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်းသည့်ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အဆိုပါဟိုတယ်၌ပင် China Gezhouba (Group) Corporation ဥက္ကဋ္ဌ မစ္စတာရန်ရွှေနှင့် အဖွဲ့ဝင်များ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရဲရွာရေအား လျှပ်စစ်စီမံကိန်း၌ RCC Dam သွန်းလောင်းခြင်းကိစ္စနှင့် Contractor's Equipment များပေးပို့ရေးကိစ္စများကို အသေးစိတ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား Citic Technology Co., Ltd ဥက္ကဋ္ဌမဒမ်ဂျင်ဖောင်းနှင့်အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်သို့ လာရောက်တွေ့ဆုံကြသည်။

## ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း

ထိုသို့တွေ့ဆုံရာတွင် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းအတွက် Pen Stock နှင့် Tunnel Lining ကိစ္စများ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် Hydraulic Steel Structure ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား China National Electric Equipment Corporation ဥက္ကဋ္ဌ မစ္စတာကျောက်ရူလင်နှင့်အဖွဲ့ဝင်များ ဆက်လက်တွေ့ဆုံကြသည်။

## အချိန်မီပေးပို့

ထိုသို့တွေ့ဆုံရာတွင် ရဲနွယ်၊ ရဲရွာ၊ ခပေါင်းနှင့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများအတွက် လျှပ်စစ်နှင့် စက်မှုပစ္စည်းများအချိန်မီပေးပို့ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား China National Heavy Machinery Corporation ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျူးရှိနှင့်အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြပြီး ကွန်းရေအား လျှပ်စစ်စီမံကိန်းနှင့် ခပေါင်းရေအား လျှပ်စစ်စီမံကိန်းတို့အတွက် စက်မှုနှင့် လျှပ်စစ်ပစ္စည်းများ၊ Hydraulic Steel Structure ပစ္စည်းများ အချိန်မီ ပေးပို့ရေး၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ၂၃၀ KVA Transmission Line နှင့် Sub Station ဆိုင်ရာပစ္စည်းများ သတ်မှတ်ထားသည့်အချိန်အလိုက်၊ Shipment အလိုက် အချိန်မီပေးပို့ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား Sinohydro Corporation Ltd. ဥက္ကဋ္ဌ မစ္စတာ ဟွမ်ဘောင်တုန့်နှင့် အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်သို့လာရောက်တွေ့ဆုံကြသည်။

## လျှပ်စစ်စီမံကိန်း

ထိုသို့ တွေ့ဆုံရာတွင် ရဲရွာရေအား လျှပ်စစ် စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းသို့ပေးပို့ရန်ရှိသည့် Hydraulic Steel Structure No-2 နှင့် တာဘိုင်၊ ဂျင်နရေတာများ အချိန်မီပေးပို့ရေးနှင့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား Yunnan United Power Development°° Co.,Ltd. ဥက္ကဋ္ဌ မစ္စတာ ဝမ်ဝင် နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက်တွင် Wharton International Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရွှေလီ အမှတ် (၁)၊ ရွှေလီ အမှတ် (၂) နှင့် ရွှေလီ အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

## ဆက်လက်တွေ့ဆုံ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား China Power Investment Corporation နှင့် China CAMC Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌ မဒမ်ကျန်းရှောင်လုနှင့်အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်၌ ဆက်လက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဧရာဝတီမြစ်ဆုံ မေခ၊ မလိခ မြစ်များအတွင်း ရေအားလျှပ်စစ်လုပ်ငန်းများလေ့လာရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများကို အသေးစိတ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Yunnan Machinery & Equipmen Import/ Export Co., Ltd. ဥက္ကဋ္ဌ Mr. Feng Ke နှင့် အဖွဲ့က နန်နင်းမြို့ Wharton International Hotel ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း



**ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့ ဆရာတော်ထံ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ရက် နံနက် ၈ နာရီခွဲတွင် တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ မြဝတီရပ်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တပ်ကုန်းမြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိတပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

## ကထိန်သင်္ကန်းဆက်ကပ်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့က ဆရာတော် ဘဒ္ဒန္တနာရဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

**(သတင်းစဉ်)**



**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipmen Import/Export Co., Ltd. ဥက္ကဋ္ဌ Mr. Feng Ke နှင့် အဖွဲ့ဝင်များက Wharton International Hotel ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# အာစရိယ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**

မော်လမြိုင်မြို့ (ရွှေနတ်တောင်) အထကတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် အထကခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည်ဗိုလ်ကြီးခဲမိုင်း ဖုန်း-၀၅၇-၂၁၁၅၅၊ ဦးစံမောင် ဖုန်း-၀၉-၅၃၂၁၈၂၆၊ ဦးမြတ်မင်းလွင် ဖုန်း-၀၉-၅၃၂၂၄၅၁၊ ဒေါ်သီတာခိုင် ဖုန်း-၀၉-၅၃၂၁၆၅၃၊ ဦးသောင်းညွန့် ဖုန်း-၀၂-၆၁၈၀၈၊ ဦးကျော်နိုင် ဖုန်း- ၀၉-၈၀၂၁၃၄၃၊ ဦးအောင်ကျော်ငွေ ဖုန်း-၀၁-၇၀၃၈၁၆နှင့် ဒေါ်နွယ်နီနိုင် ဖုန်း-၀၁-၆၂၀၇၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

**နိုဝင်ဘာ ၅ ရက်က ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စမ်းချောင်းမြို့နယ် ရွှေပြည်အေးလမ်းရှိ ကချင်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းကြစဉ်။**
(သတင်း-၃)(သတင်းစဉ်)



# အမျိုးသားရေးအကျိုးစီးပွားကို သယ်ပိုးထမ်းရွက်နေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး

**အထက်မင်းလှ ညွန့်အောင်**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ် ပန်ဆင်လျက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ရှိသူများဖြင့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၃နှစ်သို့ တိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်က အရှိန်အဟုန်ဖြင့်တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆက်လက် ရှင်သန်ဖြစ်ထွန်းရေးတို့အတွက် တိုင်းရင်းသား ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စည်းရုံး ဦးဆောင် လက်တွဲကြိုးပမ်းလျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်စီမံကိန်းများ၊ လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများစသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

၂၀၀၆ခုနှစ် စက်တင်ဘာလ၃၀ရက်နေ့အထိ ပြည်နယ်၊ တိုင်းအဆင့် အသင်းပေါင်း ၁၇သင်း၊ ခရိုင်အဆင့် အသင်းပေါင်း ၆၆သင်း၊ မြို့နယ်အဆင့် အသင်းပေါင်း ၃၂၀၊ ရပ်ကွက်၊ကျေးရွာအဆင့် အသင်းပေါင်း ၁၅၃၃၄သင်းရှိပြီး အသင်းဝင်၂၃သန်းကျော်ရှိနေပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသင်းအဆင့်ဆင့်၏ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ အရည်အချင်းပြည့်ဝစွာ စီမံခန့်ခွဲနိုင်ရန်လည်းကောင်း၊ မြန်မာ့ရေးရာအခြေအနေများ၊ နိုင်ငံတကာရေးရာ အခြေအနေများအား မျက်ခြည်မပြတ် သိရှိလေ့လာနေကြပြီး ယနေ့ နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိကြလျက် နိုင်ငံနှင့်လူမျိုးကိုချစ်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များ ခိုင်မာစေရန်လည်းကောင်း လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အရည်အချင်းမြင့်မားသော၊ ကျစ်လျစ်သိပ်သည်းသော အမျိုးသားရေး အင်အားစုကြီးအဖြစ် အတွေးအခေါ်ညီညွတ်မှု၊ အသိအမြင် တူညီမှု၊ လုပ်နည်းလုပ်ဟန် ညီညွတ်မှုတို့ဖြင့် တူညီသော ရည်မှန်းချက်ပန်းတိုင်သို့ ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိကြသည်။

ထို့အတူ အသင်းဝင်များသည် အမျိုးသားရေးတာဝန်ကို ဆောင်ရွက်ကြသည့် နိုင်ငံ့သားကောင်းများပီပီ ဒို့တာဝန်အရေးသုံးပါးကို မမိုတ်မသုန် ခံယူပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်လျက် ရှိကြသည်။

ထို့အပြင် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ကြိုးပမ်း ကာကွယ်စောင့်ရှောက်နေကြသည်။

အသင်းဝင်များသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင် တည်ဆောက်လျက်ရှိသကဲ့သို့ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရာတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

အသင်းဝင်များသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့အတွက် အခြေခံလိုအပ်ချက်များကို အောင်မြင်ပြည့်စုံစေရန် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိကြသည်။

နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စတုတ္ထကာလတို ငါးနှစ်စီမံကိန်းအောင်မြင်ရေးနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား၍ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

အသင်းကြီးအနေဖြင့် အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်း စွမ်းရည်များ မြှင့်တင်ပေးရင်း ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာစေရန် နယ်ပယ်အားလုံး ကွက်ပြည့်တိုးချဲ့စည်းရုံးဆောင်ရွက်လျက် ရှိသည်။

လုပ်ငန်းစဉ်ကြီးငါးရပ်ဖြင့် အကောင်အထည်ဖော်လျက် ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရင်း စည်းရုံးရေးကို ခိုင်မာစွာတည်ဆောက်နေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့၏ စည်းရုံးရေးစွမ်းအားသည် အရေအတွက်မှ အရည်အချင်းမြင့်မားသော၊ ကျစ်လျစ်သိပ်သည်းသော အမျိုးသားရေးအင်အားစုကြီးအဖြစ် အခိုင်အမာ ရှင်သန်လှုပ်ရှားလျက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်ထောင်စုကြီး၏ တန်ဖိုး၊ ငြိမ်းချမ်းမှုနှင့် ချစ်ကြည် သွေးစည်းညီညွတ်ခြင်း၏တန်ဖိုးများကို အစဉ်ထိန်းသိမ်းရင်း ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာပိုင်မှုများကို ထိပါးစော်ကားလာသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်မှ ဆူးငြောင့်ခလုတ်အဟန့်အတားများကို တိုင်းရင်းသား ပြည်သူများနှင့်အတူ မပြတ်သောသတိဖြင့် ရှင်းလင်းဖယ်ရှားသွားကြမည် ဖြစ်သည်။

အမျိုးသားရေး အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်နေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရ ဦးထိပ်ထား ကာကွယ်စောင့်ရှောက်သွားမည့် အသင်းကြီးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးရှေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို တပ်ကုန်းမြို့နယ်မှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မခင်ဝါဝါလှိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့စဉ်။** (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)





## ဆက်ကပ်လှူဒါန်း

**နိုဝင်ဘာ ၄ရက် (တန်ဆောင်မုန်းလပြည့်နေ့)က မင်္ဂလာတောင်ညွန့်မြို့နယ်လုံးဆိုင်ရာ (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်အလှူတော်မင်္ဂလာကို စက်ရုံလမ်း အမှတ်(၁) ကျိုက်ထီးရိုးကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့်ဇနီးတို့က ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဦးကောဝိဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (၂၅၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆–၁၁–၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | လမ်းညွှန်ကာသတင်းကောင်းပေးသင့်ကျန်းမာရေး |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာသက်နှင်းဆွေ (ပုပ္ပား)နှင့် တွေ့ဆုံခြင်း] |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | အဏုဇီဝတွင်းထွက်ရတနာ |
| ၈း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၅ | Basic Computer Learning For Beginner(Vol-5) |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | ထူးခြားဆန်းကြယ်သော တောအုပ်ကလေး |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၂၅ | **သတိတစ်ချက်တစ်သက်အမှား** (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်) |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅ | အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ဒေါ်ခင်မြင့်မြင့်) |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | ရွှေအဆင်းရုပ်ပုံလွှာ ရှင်းကျော့ဆံနွယ်များဖြင့်သာ |
| ၁၀း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (တင်ဇာမော်နှင့်သူမ၏ အနုပညာခရီးလမ်း) |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



**ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ၅၉ (B) တပင်ရွှေထီးလမ်း ကျောက်ကုန်းနေ ဒေါ်ဖွားမြင့် မွေးနေ့အလှူအဖြစ် ငွေကျပ် တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## သုညတဓမ္မ ဆရာတော်မွေးနေ့ ပဋ္ဌာန်းပူဇော်ပွဲနှင့် သိက္ခာထပ်မင်္ဂလာ

**ရန်ကုန် နိုဝင်ဘာ ၅**

သာကေတမြို့နယ်(၇)အနောက်ရပ်ကွက်ဇိနမာန်ရံအောင် စေတီအနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စန္ဒသေန၏(၃၈)နှစ်ပြည့်မွေးနေ့ ပဋ္ဌာန်း ပူဇော်ပွဲ၊ ဒေါ်ချားရီမိသားစုက သိက္ခာထပ်မင်္ဂလာကို (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)နိုဝင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည် ဖြစ်ရာ ဆရာတော်၏တပည့် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားနိူးဆော်ထား ကြောင်း သိရသည်။ **(က–ပ)**

6-11 (10) 1 11/6/06, 3:51 PM



လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ စုပေါင်းမဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပရာ ဆရာတော် သံဃာတော်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးနှင့် ဆရာ ဆရာမများက ကထိန်လျာဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## (၁၀)ရက် တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လနစ်ကြိမ်ကျင်းပသော ဝါပ ၁၀ ရက်တရားစခန်းပွဲ နိုဝင်ဘာပထမပတ်ကို နိုဝင်ဘာ ၅ ရက်မှ ၁၄ရက်အထိကျင်းပလျက်ရှိသည်။ ယင်းတရားစခန်းပွဲတွင် သာကေတမြို့ ပုညာရာမကျောင်းဆရာတော် ဘဒ္ဒန္တပုညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။အသေးစိတ်သိလိုပါက အဖွဲ့ချုပ် ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က–ပ)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက် ဘက်)တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော (ဦးကိုကိုလေး – ဒေါ်ကြည်ကြည်)တို့အားရည်စူး၍ဒေါ်ပြုံး**




**ပြုံးမြင့်၊ (ဦးမင်းမြအောင်)–ဒေါ်သင်းသန္တာ၊ ဦးဘိုလွင်–ဒေါ်အေးအေးအောင်၊ ဒေါ်မြင့်မြင့်ခိုင်၊ မြေး မြစ်တစ်စုတို့က အလှူငွေကျပ် ၅၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ပွဲရုံများ၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ပေးထား ကုန်သည်များ စိတ်ကြိုက်ဈေးနှုန်းဖြင့်ရောင်းချနိုင်အောင် စနစ်တကျစီမံ ကုန်ပစ္စည်းဈေးနှုန်းများ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ပံ့ပိုးဖြည့်ဆည်းပေး

နေပြည်တော် နိုဝင်ဘာ ၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မူဆယ်မြို့ ရွှေလီရတနာဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာများ အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသီးနှံဖြစ်သည့် ခြစ်စည်းရိုးကြက်ဆူပင်ကို အောင်မြင်အောင် ကြိုးပမ်းစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ရုံစိုက်ပြီး ပြုစုပျိုးထောင်မှုမရှိလျှင် ရှင်သန်ဖြစ်ထွန်းမှုရှိမည်မဟုတ်ကြောင်း၊မူဆယ်ခရိုင်တွင် လယ်ယာသုံး စက်ကိရိယာသုံးစွဲမှု ၇၀ရာခိုင်နှုန်းခန့် ရှိသည်ဖြစ်ရာ လာမည့်မိုးရာသီ စိုက်ပျိုးရေးအတွက် လိုအပ်သော စက်သုံးဆီ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းကို ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးမှ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားကြစေလိုကြောင်း၊ လက်ဖက်နှင့် ကြံတို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်နှင့် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်တို့က ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည်(၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြပြီး သွင်းကုန်စစ်ဆေးရေးဌာန(Customs Department No.4 X Ray Scanning Unit (MUSE)) ဌာနတို့ကို ကြည့်ရှုစစ်ဆေးရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ကျော်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သွင်းကုန်ဌာနရှိ အစည်းအဝေးခန်းမ၌ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအားတွေ့ဆုံရာ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ကျော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### စေတနာထားပံ့ပိုးကူညီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ နိုင်ငံတော်စီးပွားရေးကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိရာ တစ်နေရာတည်းတွင် အလုပ်ပြီးသော စနစ် (One Stop Service)ဖြင့် ဆောင်ရွက်လျက်ရှိသော ပုံမှန်ကုန်သွယ်မှု (Normal Trade)နှင့် နယ်စပ်ကုန်သွယ်မှု(Border Trade) တို့သည် ကုန်သွယ်မှုကဏ္ဍတွင် များစွာ အရေးပါကြောင်း၊ တိုင်းရင်းသား ကုန်သည်များ မိမိကုန်ပစ္စည်းများကို စိတ်ကြိုက်ဈေးနှုန်းဖြင့် တင်ပို့ရောင်းချနိုင်ရေးအတွက် ဌာနဆိုင်ရာများက သတ်မှတ်ထားသော မူဝါဒ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စေတနာထားကာ တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီ ပေးကြရမည်ဖြစ်ကြောင်း။

ယခင်က ကုန်ပစ္စည်းအချို့ကို ဒေသပေါက်ဈေးထက်လျှော့ပြီး ဈေးနှိမ်တင်ပို့ရောင်းချရမှုမျိုးရှိကြောင်း၊ ယင်းကဲ့သို့ မဖြစ်ပေါ်စေရန် ယခုအခါ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ပွဲရုံများ၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ပေးထားပြီး ပို့ကုန်လိုင်စင်ကိုလည်း တစ်ပါတည်း လက်ခံဆောင်ရွက်ပေး၍ ပို့ကုန်ပစ္စည်းများကိုလည်း ပွဲရုံ၊ ကုန်စည်ဒိုင်များတွင် စုစည်းထားရှိကာ တိုင်းရင်းသား ကုန်သည်များ စိတ်ကြိုက် ဈေးနှုန်းဖြင့် ရောင်းချနိုင်အောင် နိုင်ငံတော်က စနစ်တကျ စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ကုန်စည်ရောင်းဝယ်ဖောက်ကားမှုလည်း အထိုက်အလျောက် ပိုမိုတိုးတက်မြင့်မားလာပြီဖြစ်ကြောင်း၊ကုန်ပစ္စည်းဈေးနှုန်းများကို Internetမှ ရယူ



စုစည်းကာ အချိန်နှင့်တစ်ပြေးညီ တိုင်းရင်းသား ကုန်သည်များသိရှိအောင် ဌာနဆိုင်ရာများက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ဖြင့်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကွတ်ခိုင်–လားရှိုး လမ်းတစ်လျှောက် ဝဲယာတွင် အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ၊ခြစ်စည်းရိုးကြက်ဆူပင်များနှင့် လမ်းပိုင်း အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးမြို့နယ် မန်မော်ဒေသရှိ ဘိန်းအစားထိုးသီးနှံ မျိုးစေ့ထုတ်ပြောင်း၊ ကြံ၊နေကြာ၊ ပဲစင်းငုံ စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးဧက ၅၀၀စံပြမျိုးသန့်ဇုန်သို့ ရောက်ရှိကြပြီး စင်များပေါ်တွင် နေလှန်းထားသော အစေ့ထုတ်ပြောင်း အဖိမျိုးသန့် အဖူးနှင့် အမမျိုးသန့် မျိုးစေ့များကို လည်းကောင်း၊**(အောက်ပုံ)** ခြစ်စည်းရိုး ကြက်ဆူ ဇီဝဒီဇယ်ဖြင့် ပြောင်း မျိုးစေ့ အရွယ်အစား ရွေးစက်၊ ပြောင်း ခြွေစက်၊ ပြောင်းမျိုးစေ့ ဆေးထိုးစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ပြောင်းမျိုးစေ့များ သိုလှောင်ရုံအတွင်း သိုလှောင် ထားရှိမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယ ဗိုလ်မှူးကြီး နေလင်းအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်တို့က လိုက်လံရှင်းလင်းပြသသည်။

### စံပြဧက

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မန်မော်ဒေသရှိ တစ်ဧက တန် ၅၀ ထွက်မျိုးကောင်း မျိုးသန့် အထူးအထွက်ကောင်း ကြံမျိုးသန့် မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး ကြံများ ဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကို လည်းကောင်း၊အထူးအထွက်ကောင်း ကြံပင်များခုတ်သိမ်းပြီး မော်တော်ယာဉ်များပေါ်တင်ဆောင်နေမှုကိုလည်းကောင်း အားပေးကြည့်ရှု စစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများကလိုက်လံ ရှင်းလင်းပြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ ခြစ်စည်းရိုး ကြက်ဆူပင် တစ်သိန်းငါးသောင်း ပျိုးဥယျာဉ်၊ ခြစ်စည်းရိုး ကြက်ဆူပင်များ၊ လိမ္မော်၊ နာနတ်ပင် သီးညှပ် စံပြ ဧက ၁၀၀ စိုက်ခင်းတို့ကို လည်းကောင်း၊ ခြစ်စည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်း အောင်မြင်မှုအခြေအနေကို လည်းကောင်း စိုက်ပျိုးရေးမျှော်စင်မှ ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။

### ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုး ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်စက်ရုံမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှု အဆင့်ဆင့်ကို လည်းကောင်း၊ ဇီဝဒီဇယ်ဆီဖြင့် မော်တော်ယာဉ် မောင်းနှင်ပြသမှုကိုလည်းကောင်း၊မိသားစုရေသန့်စက်ကိုလည်းကောင်းကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က လိုက်လံ ရှင်းလင်းပြသသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ လားရှိုးမြို့တွင် ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

## ဝရဒါဌာဓာတုစေတိယ စွယ်တော် မြတ်စေတီတော်( ရန်ကုန် ) ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ် စေတီတော်(ရန်ကုန်)၏ ကောဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၄ နာရီက စေတီတော်အရှေ့ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲ ကျင်းပရေးကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့ တက်ရောက်၍ ဆုရရက်ကန်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

### ဆုပေးအပ်ချီးမြှင့်

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ပြိုင်ပွဲ၌ အထူးဆုရရှိကြသော ရက်ကန်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက တတိယဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင်မှ ဝိသာခါရက်ကန်းစင်တော်အဖွဲ့ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဒုတိယဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်မှ သုနန္ဒာရက်ကန်းစင်တော်အဖွဲ့အား လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်မှ သုစိတ္တာ ရက်ကန်းစင်တော်အဖွဲ့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြိုင်ပွဲအကဲဖြတ်ဒိုင်များနှင့် အနုပညာဦးစီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အကဲဖြတ်ဒိုင်ချုပ် ဦးစိုးမြင့်နှင့် ရွှာစားမလှိုင်သန်းထွန်းအဖွဲ့တို့ကလက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် သီတင်းတစ်ပတ်အတွင်းဖြစ်ပွားခဲ့သော ထူးခြားဖြစ်စဉ်အချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

**အောက်တိုဘာ၃၀ ရက်** – နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာရှိ နိုင်ငံတကာလေဆိပ်မှခရီးသည် ၁၀၄ဦးတင်ဆောင်ပျံသန်းခဲ့သည့် လေယာဉ်တစ်စင်းလေဆိပ်မှပျံတက်ပြီး မကြာမီပျက်ကျခဲ့ရာ ခရီးသည်အားလုံးသေဆုံးခဲ့သည်။ (အောက်ပုံ) အဆိုပါလေယာဉ်သည် အေဒီစီလေကြောင်းပိုင်လေယာဉ်ဖြစ်ပြီး မုန်တိုင်းနှင့်ကြုံတွေ့ခဲ့ရသောကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။



– တရုတ်နိုင်ငံက အောက်တိုဘာ ၂၉ ရက်က လွှတ်တင်ခဲ့သော စီနိုဆက်–၂ ဂြိုဟ်တုသည် ပုံမှန်လုပ်ငန်းများကိုအောင်မြင်စွာလုပ်ဆောင်နိုင်နေပြီဖြစ်ပြီး ၎င်းဂြိုဟ်တုကြောင့် ကျေးလက်ဒေသများတွင် ဂြိုဟ်တုစလောင်းငယ်ကိုအသုံးပြုကာ ရုပ်မြင်သံကြားဖမ်းယူကြည့်နိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

**အောက်တိုဘာ၃၁ရက်** – ဩစတြေးလျနိုင်ငံသည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတိုးတက်များပြားလာမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအားသုံး ဓာတ်အားပေးစက်ရုံကို အမေရိကန်ဒေါ်လာ ၃၁၈ သန်း အကုန်အကျခံကာ ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျမီဒီယာများက ဖော်ပြသည်။

– အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နျူကလီးယားအစီအစဉ်များအား မည်သည့်ဟန့်တားမှုမျိုးကိုမဆိုကျော်လွှားကာ ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားသွားရန် သန္နိဋ္ဌာန်ချထားကြောင်း အီရန်သမ္မတ အာမက်ဒိန်ရတ်က ပြောကြားလိုက်သည်။

**နိုဝင်ဘာ ၁ ရက်** – တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် အမြန်ဆုံးလျှပ်ပြေးသံလိုက် ရထားကိုတီထွင်ထုတ်လုပ်မည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။ ၂၀၀၄ခုနှစ်က ထုတ်လုပ်ထားသောလျှပ်ပြေးသံလိုက်ရထားမှာ တစ်နာရီလျှင် မိုင် ၂၇၀ အမြန်နှုန်းဖြင့် မောင်းနိုင်ရာ ယခုထုတ်လုပ်မည့် လျှပ်ပြေးသံလိုက်ရထားမှာ ယင်းမိုင်နှုန်းထက်တစ်ဆခွဲခန့် ပိုမိုခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

– စီးကရက်တွင်ပါဝင်သော ဓာတ်ပစ္စည်းအမျိုးအစားများကို လန်ဒန်သုတေသနပညာရှင်များက စနစ်တကျသုတေသနပြုခဲ့ရာ ကွဲပြားခြားနားသော ဓာတုပစ္စည်းနှင့်အဆိပ်များအမျိုးအစားပေါင်း ၄၀၀၀ခန့် ပါဝင်လျက်ရှိပြီး အများအပြားမှာ ကင်ဆာရောဂါများကိုဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

**နိုဝင်ဘာ ၂ ရက်** – အီရန်နိုင်ငံက ရှာဟက်–၃ အမည်ရှိ တာဝေးပစ်ဒုံးကျည်တစ်ခုကို အီရန်နိုင်ငံအလယ်ပိုင်းသဲကန္တာရတစ်ခုအတွင်းမှ စမ်းသပ်ပစ်လွှတ်လိုက်သည်။ ထိုသို့စမ်းသပ်ပစ်လွှတ်ခြင်းမှာ အီရန်နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာ လက်နက်များ စွမ်းရည်မြင့်မားခြင်းကို ကမ္ဘာ့အသိုင်းအဝိုင်းအား ပြသခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**နိုဝင်ဘာ ၃ ရက်** – စင်ကာပူနိုင်ငံမှလာရောက်သောခရီးသွားများအား နေထိုင်ရေး၊ သွားလာဝင်ထွက်နိုင်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် မလေးရှားနိုင်ငံတွင် နိုင်ငံကူးလက်မှတ်ကင်းလွတ်နယ်မြေများကို တိုးမြှင့်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း မလေးရှားအစိုးရက သတင်းထုတ်ပြန်သည်။ လောလောဆယ်တွင် မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟာပြည်နယ်အတွင်းစင်ကာပူမှ ခရီးသွားများအား လူဝင်ကြီးကြပ်ရေးနှင့် အကောက်ခွန်များ ကင်းလွတ်ခွင့်ပြုထားသည်။

– အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒတ်ပြည်နယ်တွင် မိုးသည်းထန်ပြီး မုန်တိုင်းများတိုက်ခတ်မှုကြောင့် လူ၂၃ ဦးသေဆုံးကာ လူနေအိမ်ခြေတစ်သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အိန္ဒိယအရာရှိများက ပြောကြားသည်။

**နိုဝင်ဘာ ၄ ရက်** – ဗီယက်နမ်နိုင်ငံသည် သံနှင့်သံမဏိသုံးစွဲမှု တိုးတက်များပြားလာသဖြင့် ပြည်တွင်းသုံးစွဲမှုမလုံလောက်သောကြောင့် ယခုနှစ်ပထမ ၁၀လအတွင်း သံနှင့်သံမဏိတန်ချိန် ၄ဒသမ၈သန်းကို ပြည်ပမှတင်သွင်းခဲ့ရသည်။

– ဗီယက်နမ်၏သံနှင့်သံမဏိထွက်ရှိမှုနှုန်းမှာ ၂၀၀၅ခုနှစ်တွင် တန်ချိန်သုံးသန်းနှင့် ယခုနှစ်တွင်တန်ချိန်ခြောက်သန်းအထိထုတ်လုပ်နိုင်မည်ဟုမျှော်မှန်းထားသည်ဟု ဗီယက်နမ်မီဒီယာများက ဖော်ပြသည်။

– တရုတ်နိုင်ငံသည် အာဖရိကနိုင်ငံများသို့ အကူအညီပေးမှုအနေဖြင့် အမေရိကန်ဒေါ်လာငါးဘီလီယံဖိုး ဖြည့်ဆည်းပေးမည်ဖြစ်ပြီး လာမည့် ၂၀၀၉ ခုနှစ်တွင် ယခုငွေပမာဏထက် အမေရိကန်ဒေါ်လာ နှစ်ဆသုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

**နိုဝင်ဘာ ၅ ရက်** – စင်ကာပူနိုင်ငံတွင် ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အကြီးမားဆုံးဖြစ်ရာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၇ ဒသမ၄သန်း တန်ဖိုးရှိခဲ့ရာ အာရှနိုင်ငံများအတွင်း အမြင့်ဆုံးဖြစ်ကြောင်းသိရသည်။



– မိုးလေဝသ ကာကွယ်ရေးဆိုင်ရာ သတင်း အချက်အလက် ပြန်ကြားပေးနိုင်မည့် ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသည့် ဒုံးပျံတစ်စင်းကို ကယ်လီဖိုးနီးယားပြည်နယ် လေတပ်အခြေစိုက် စခန်းတစ်ခုမှ လွှတ်တင် လိုက်သည်။ (ဝဲပုံ)

၎င်းဂြိုဟ်တုသည် အာကာသအတွင်း ပုံမှန်လုပ်ငန်းများကို စတင်လုပ်ဆောင်တော့မည် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

---

## မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

### ချောက်မြို့ ဝွေးပင်ရွာလောင်းကစားဝိုင်း အရေးယူပေးပါ

**စာတည်းခင်ဗျား–**

မကွေးတိုင်း ချောက်မြို့နယ် ဝွေးပင်ကွက်သစ်ရွာ၏မြောက်ပိုင်း ကတ္တရာလမ်းမကြီး အနောက်ဘက် အိမ်တစ်အိမ်တွင် လောင်းကစားဝိုင်း ပြုလုပ်နေခြင်းကြောင့် မကြာခဏ ဒုစရိုက်မှုများ ဖြစ်လေ့ရှိပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဝွေးပင်သား**

### လူနေတိုက်ခန်းမှ မုန့်လုပ်ငန်း ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ လှိုင်မြို့နယ်(၉)ရပ်ကွက် အင်းစိန်လမ်းမကြီးဘေးရှိ တိုက်တစ်တိုက်၏ မြေညီထပ်(ဝဲ)အခန်း၌ လုပ်ကိုင်နေသော မုန့်လုပ်ငန်းမှ မီးအပူဒဏ်နှင့်အညှော်နံ့များကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပြီး တိုက်ခန်းများတွင်နေထိုင်ကြသူများသည် ကျန်းမာရေးထိခိုက်နေပါ၍ အဆိုပါမုန့်လုပ်ငန်းကို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူများ**

### ရပ်ကွက်အတွင်းရှိ အလုပ်ရုံများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား–**

လားရှိုးမြို့ ရပ်ကွက်(၉) ဘူတာရုံကွေ့လမ်းမှ ဘူတာလမ်းမကြီး တစ်လျှောက် ကားဘော်ဒီရုံ၊ သံပန်း၊ သံတံခါးအလုပ်ရုံ၊ ပရိဘောဂဆိုင်အလုပ်ရုံများမှ ထွက်ရှိသော ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများမှာ ကျန်းမာရေး ထိခိုက်နေပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **လားရှိုးသား**

### စီးပွားဖြစ် ဝက်မွေးမြူမှု ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၁ ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များ စီးပွားဖြစ် မွေးမြူထားရာ အဆိုပါ ဝက်များ၏ အော်သံနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ခိုင်ရွှေဝါသား**

### ရပ်ကွက်အတွင်းမှ စက်မှုလုပ်ငန်းများကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

မြောက်ဥက္ကလာပမြို့နယ် ခ/ရပ်ကွက် အတွင်းတွင် တရားမဝင်လုပ်ကိုင်လျက်ရှိသော သစ်စက်၊ တွင်ခုံ၊ ပန်းပဲဖို၊ ကားဘော်ဒီစသော စက်မှုလုပ်ငန်းအချို့၏ လျှပ်စစ်မော်တာများကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် ၎င်းလုပ်ငန်းများကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

### သားရေနယ်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

**စာတည်းခင်ဗျား–**

မုံရွာမြို့ အောင်ချမ်းသာရပ် ချမ်းမြေ့သီလရှင် ကျောင်းအနီးရှိ သားရေနယ်လုပ်ငန်းမှ ထွက်ရှိသော အနံ့အသက်များကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **သားရေနံ့ မခံနိုင်သူ**

### ကညွတ်ကွင်း–မိဿလင်လမ်း ပြုပြင်ပေးစေချင်

**စာတည်းရှင့်–**

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အရှေ့ဘက်ရှိ ကညွတ်ကွင်း–မိဿလင် ကျောက်ခင်းလမ်းသည် ယခုအခါ အလွန်ဆိုးရွားစွာ ပျက်စီးယိုယွင်းလျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ကျေးလက်ပြည်သူတစ်ဦး**

### ပေါင်မုန့်လုပ်ငန်းမှ ရေဆိုးနံ့မခံနိုင်

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် အနော်မာအရှေ့ ၅လမ်းရှိ အိမ်တစ်အိမ်တွင် ပေါင်မုန့်ဖုတ်လုပ်ငန်းမှ စွန့်ပစ်ရေဆိုးအနံ့များသည် ရေမြောင်းများမှတစ်ဆင့် ပျံ့နှံ့လျက်ရှိပါသည်။

သို့ပါ၍ ပတ်ဝန်းကျင်နေသူများအတွက် ကျန်းမာရေးစိုးရိမ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနော်မာ ၅လမ်းသား**

### လမ်းပေါက်များ ပြုပြင်ဆောင်ရွက်ပြီး

၁၈–၈–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပေးစာကဏ္ဍတွင် ပါရှိခဲ့သည့် **ဆံတော်တွင်းလမ်းမတန်း ဆံတော်တွင်းကျောင်းတိုက်ရှေ့လမ်းများ ပျက်စီးနေမှု**ကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၁၂–၉–၂၀၀၆ ရက်တွင် ပြုပြင်ခဲ့ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

6-11 (12) 1 11/6/06, 3:51 PM

# ကမ္ဘာတစ်လွှား အားကစား

## စီးရီးအေ ဘောလုံးပွဲစဉ် (၁၀) ဆက်လက်ယှဉ်ပြိုင် ဆီနာနှင့်ပါးမားတို့ သရေကျ၊ ကာတန်နီယာတို့ နိုင်ပွဲရ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ရောမ နိုဝင်ဘာ ၅

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၄ရက်၌ ဆက်လက်ကစားရာ ဆီနာနှင့် ပါးမား၊ ရက်ဂျီးနားနှင့် ကာတန်နီယာတို့ပွဲ၌ ဆီနာနှင့် ပါးမားတို့ သရေပွဲဖြစ်ပြီး ရက်ဂျီးနားနှင့် ကာတန်နီယာတို့ပွဲတွင် ကာတန်နီယာက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**



ဆီနာတိုက်စစ်မှူး ဘော့ဒါနီ ပါးမားအသင်းဘက်သို့ ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

### ဆီနာနှင့် ပါးမား

ခြေစွမ်းပြနေသော ဆီနာတို့အိမ်ကွင်း၌ တတိယမြောက် သရေပွဲနှင့် ကြုံတွေ့ခဲ့ရပြန်ပြီဖြစ်သည်။ ဆီနာသည် အိမ်ကွင်းခြေမာသော အသင်းဖြစ်သော်လည်း ပါးမားတို့က မနားတမ်းတိုက်စစ်ဆင်မှုကြောင့် အဖွင့်ဂိုးများ သွင်းယူခြင်းခံရပြီးမှ ချေပဂိုးများ လိုက်လံသွင်းယူခဲ့ရခြင်းဖြစ်သည်။

ဧည့်သည်ပါးမားအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၅မိနစ်၌ ပါးမားကွင်းလယ် တိုက်စစ်မှူး မော်ဖီရိုက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယဂိုးကို မိနစ် ၇၀၌ ပါးမားတိုက်စစ်မှူး အီဂေါဘူဒန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

### သရေပွဲဖြစ်ခဲ့ရ

အိမ်ရှင်ဆီနာတို့ ဂိုးများဆက်တိုက် အသွင်းခံခဲ့ရခြင်းကြောင့် ကစားအားတင်ပြီး တိုက်စစ်မြှင့်ခဲ့ရာမှ ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် တိုက်စစ်မှူး ဘော့ဒါနီက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ကံကောင်းထောက်မစွာ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ဆီနာသည် ယခုပွဲသရေဖြစ်ခဲ့သဖြင့် ၁၀ ပွဲကစား လေးပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တန်းစီဇယား စတုတ္ထနေရာ၌ရှိနေပြီး ပါးမားမှာ ၁၀ ပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် တန်းစီဇယား ၁၄ နေရာ၌ ရှိနေသည်။

### ရက်ဂျီးနားနှင့်ကာတန်နီယာ

လူသစ်တန်းဖြစ်သော်လည်း စီးရီးအေ၌ ခြေထက်နေသော ကာတန်နီယာတို့ အဝေးကွင်း၌ ဒုတိယမြောက် နိုင်ပွဲ ရရှိခဲ့ပြန်သည်။ ရက်ဂျီးနားအသင်းသည် အိမ်ကွင်းရလဒ်ကောင်းသောအသင်းဖြစ်သော်လည်း ကာတန်နီယာကြောင့် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

### အဖိုးတန် သုံးမှတ်ရ

ကာတန်နီယာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်၌ တိုက်စစ်မှူး ကိုရိနာက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အဝေးကွင်း၌ အဖိုးတန် သုံးမှတ်ရအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ကာတန်နီယာ ယခုပွဲ အနိုင်ရရှိသဖြင့် ၁၀ ပွဲကစား သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးဖြင့် တန်းစီဇယားအဆင့်ရှစ်၌ ရှိနေပြီး ရက်ဂျီးနားမှာ တန်းစီဇယား အောက်ဆုံး၌ ရောက်နေသည်။ **(အင်တာနက်)**



**ရက်ဂျီးနားမှ ဖရန်စစ်ကို** (ယာ)က **ကာတန်နီယာမှ ရီကာဒို၏ ကန်သွင်းချက်ကို ဤသို့ဟန့်တား ခဲ့သည်။**

(ဓာတ်ပုံ–အင်တာနက်)

## ချန်ပီယံ ချယ်လ်ဆီးတို့ တော့တင်ဟမ်ကို ရှုံးနိမ့် ပရီမီယာလိဂ်ပွဲ ဝက်စ်ဟမ်း ဒုတိယမြောက် နိုင်ပွဲဆက် အာဆင်နယ်အကြိတ်အနယ်ကစားသော်လည်း ရှုံးပွဲကြုံ

သတင်းမြင်ကွင်း

မြင့်မောင်စိုး

**လန်ဒန် နိုဝင်ဘာ ၅**

ပရီမီယာလိဂ်ပွဲစဉ်(၁၁) လက်ကျန်ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ လူစားဝင်ကစားသူ ဟာရီဝုဒ်က ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဝက်စ်ဟမ်းအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

### အရှုံးဖြင့်ရင်ဆိုင်

အာဆင်နယ်မှ အွန်နရီ၊ ရိုဆစ်စကီးနှင့်ဗန်ပါစီတို့ အတွဲကို ပွဲထုတ်ခဲ့သော်လည်း ဂိုးသွင်းခွင့်များ လွဲချော်ခဲ့၍ အာဆင်နယ်တို့ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

ပွဲချိန်၈၉မိနစ်တွင် ဟာရီဝုဒ်က အိမ်ကွင်း ဝက်စ်ဟမ်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်၌ ဝက်စ်ဟမ်းတို့ ရှုံးပွဲများဖြင့် ရင်ဆိုင်ခဲ့ရာ ယခုပွဲမှာ ဒုတိယမြောက် ဆက်တိုက် အနိုင်ရသည့်ပွဲဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဘလက်ဘန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

**ဝက်စ်ဟမ်းဂိုးရှေ့တွင် အွန်နရီ ဂိုးသွင်းရန် ပြေးဝင်လာစဉ် နောက်တန်းလူ အင်တန်ဖာဒီနန်က ဤသို့ ခေါင်းတိုက် ဖျက်ထုတ် ကာကွယ် နိုင်ခဲ့သည်။**

(ဓာတ်ပုံ–အင်တာနက်)

### တစ်ဂိုးနစ်နာ

အာဆင်နယ် ကွင်းလယ်ကစားသမား ရိုဆစ်စကီးသည် အကောင်းဆုံးကန်ခွင့် ရသော်လည်း လွဲချော်ခဲ့မှုကြောင့် တစ်ဂိုးနစ်နာခဲ့ရသည်။

ထိုစဉ်အတွင်း ဗန်ပါစီကန်သွင်းသည့် ဂိုးမှာလည်း ဝက်စ်ဟမ်းဂိုးသမား ရောဘတ်ဂရင်း ကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲပြီးသည်အထိ အာဆင်နယ်တို့ အကြိတ်အနယ် ကြိုးစားကစားခဲ့သော်လည်း ဝက်စ်ဟမ်းကို ချေပဂိုးမသွင်းနိုင်တော့ဘဲ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

### တော့တင်ဟမ်–ချယ်လ်ဆီး

ချန်ပီယံချယ်လ်ဆီး အသင်းသည် တော့တင်ဟမ် အိမ်ကွင်း၌ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

### ဦးဆောင်ဂိုးသွင်း

ဧည့်သည် ချယ်ဆီးလ်အသင်းသည် ပွဲစပြီး ၁၅မိနစ်အကြာတွင် မက်ခီလီလီက ဦးဆောင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

သို့သော်လည်း အိမ်ကွင်း ခြေမှန်ကစားနိုင်သော တော့တင်ဟမ်တို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၅မိနစ်တွင် မိုက်ကယ်ဒေါ်ဆင် ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုး သွင်းပေးနိုင်ခဲ့သည်။



အသင်းခေါင်းဆောင် ဂျွန်တယ်ရီ ကြမ်းတမ်းစွာကစားမိခဲ့၍ နှစ်ဝါ၊ တစ်နီဖြင့်ကွင်းအတွင်းမှထွက်ခဲ့ရသည်။

၁၀ယောက် ၁၁ယောက် ကစားခဲ့ရသော ချယ်လ်ဆီးသည် ချေပဂိုးသွင်းရန် ပို၍ဝေးလာကာ တော့တင်ဟမ်က ပို၍ ဖိကစားနိုင်ခဲ့သည်။

### ဘောလုံးပိုင်ဆိုင်မှု

ဒုတိယပိုင်း ပြန်စချိန်တွင် ချယ်လ်ဆီးတို့ အနိုင်ဂိုးသွင်းရန် ကြိုးစားသော်လည်း တော့တင်ဟမ်တို့က ဘောလုံးပိုင်ဆိုင်မှု ပိုအားကောင်းလာပြီး ဖိကစားလာမှုကြောင့် အနိုင်ဂိုး မသွင်းနိုင်ဘဲရှိသည်။

ပွဲချိန် မိနစ်၅၀တွင် တော့တင်ဟမ်တိုက်စစ်မှူး ကိန်းက အကောင်းဆုံး ဖန်တီးပေးခဲ့ရာ လင်နွန်က အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

တော့တင်ဟမ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အသာရနေစဉ် ချယ်လ်ဆီး ကစားသမားများ ချေပဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားရာမှ ချယ်လ်ဆီး

နောက်ဆုံး၌ ချယ်လ်ဆီးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် တော့တင်ဟမ်ကို အရှုံး ပေးလိုက်ရသည်။ ယခုပွဲ ချယ်လ်ဆီးတို့ ရှုံးနိမ့်ခဲ့၍ ပရီမီယာလိဂ်တွင် ယမန်နေ့က အနိုင်ရလိုက်သော မန်ယူတို့ လွတ်လွတ်ကျွတ်ကျွတ် တန်းစီဇယားထိပ်ဆုံးနေရာကို ဦးဆောင်ခွင့် ရသွားပြီဖြစ်သည်။

အခြားပွဲစဉ် တစ်ရပ်၌ အက်စ်တွန်ဗီလာအသင်းက ဘလက်ဘန်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ။

**(အင်တာနက်)**

**တော့တင်ဟမ်အသင်းအတွက် လင်နွန်က ချယ်လ်ဆီးဂိုးထဲသို့ ဤသို့ အနိုင်ဂိုးသွင်းယူခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)



# တန်ဆောင်ကာလ လှူကြကထိန်

**ဦးကျော်စိန် (မန္တလေး)**

တန်ဆောင်မုန်းလသည် မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသော လဖြစ်၏။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တန်ဆောင်မုန်းလ၌ “ကထိန်ပွဲတော်”ကို စဉ်လာမပြတ် ကျင်းပခဲ့ကြသည်။ “**ကထိန်**”သည် “**ကထိန**”ဟူသောပါဠိကိုမြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသော အမည်ဖြစ်၏။ ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်းစသော ကထိန်အမှုနှင့် စပ်သမျှအရာအားလုံးကို ခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသော အမည်ဝေါဟာရပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ပါဝေယျတိုင်းသား၊ ဘဒ္ဒဝဂ္ဂီရဟန်း သုံးကျိပ်တို့ကို အကြောင်းပြု၍ “ရဟန်းတော်များ အဓိဋ္ဌာန်တင် သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကိုထား၍ မပင်မပန်း ပေါ့ပါးရွှင်လန်းစွာ သွားနိုင်ကြပါစေ၊ သင်္ကန်းရှားပါးနွမ်းပါးခြင်းမှ ကင်းကြပါစေ”ဟူသော ရည်ရွယ်ချက်ဖြင့် ရှေးရှေးသောဘုရားရှင်တို့၏ အစဉ်အလာအတိုင်း ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူရာမှစ၍ ကထိန်ပွဲတော်ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ကထိန်သင်္ကန်းအလှူသည် ထူးခြားသော အလှူဖြစ်၏။ အခြားသော အလှူများကဲ့သို့ အချိန်အခါမရွေး လှူဒါန်းနိုင်သော အလှူမျိုးမဟုတ်ပေ။ တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ကြိမ်သာ အချိန်အခါနှင့် လှူဒါန်းရသော ကာလဒါနမျိုးဖြစ်သည့်အပြင် ထူးခြားသော ဝိနည်းကံနှင့်အညီ လှူရသောကြောင့် ထူးခြားသော အလှူဖြစ်၏။ ကထိန် သင်္ကန်းကပ်လှူပွဲ ခွင့်ပြုသောကာလမှာ သီတင်းကျွတ်လပြည့်ကျော်(၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ကထိန်ခင်းရာတွင် နှစ်ထပ်သင်္ကန်းကြီး၊ အပေါ်ရုံ ဧကသီ၊ ခါးဝတ်သင်းပိုင်ဟူသော သုံးထည်သော သင်္ကန်းတို့တွင် တစ်ထည်ထည်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းခွင့်ပြုသည်။ ထိုသုံးထည်သောသင်္ကန်းတို့တွင်လည်း အလှူရှင်က မိမိအလိုအလျောက်သဒ္ဓါပေါက်၍ လှူဒါန်းသော သင်္ကန်းသည်သာ ကထိန်ခင်းထိုက်သော သင်္ကန်းဖြစ်၏။ ကထိန်သင်္ကန်းလှူဒါန်းရာ၌လည်း ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏတို့ကို ရည်မှန်း၍ လှူဒါန်းခြင်းမပြုရပေ။ သံဃာ့ဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရသည်။ သံဃာ့ဂုဏ်ကို အာရုံပြု၍ လှူဒါန်းမှသာလျှင် ကထိန်အလှူမြောက်သည်။ ထို့ကြောင့် ကထိန်အလှူရှင်သည် မိမိပိုင်သင်္ကန်းတစ်ထည်ထည်ကို သံဃာ့ရှေ့မှောက်သို့ အရောက်ဆောင်၍ “ဤကထိန်လျာသင်္ကန်းကို သံဃာအား လှူဒါန်းပါ၏”ဟူ၍လည်းကောင်း၊ “ဤကထိန်လျာသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါ” ဟူ၍ လည်းကောင်း နှုတ်မြွက်၍ လှူဒါန်းရမည်ဖြစ်သည်။

ကထိန်ခင်းခြင်းကြောင့် ရဟန်းတော်များ ရအပ်သည့်အကျိုးတရားများမှာ–

(၁) ဒါယကာတစ်ဦးဦးက ဘောဇဉ်ငါးပါး ဘုန်းပေးရန် အပင့်ခံထားရသော ရဟန်းသည် အခြားဒါယကာတစ်ဦးဦးအိမ်သို့ သွားလိုပါက အနီးရှိရဟန်းထံ မပန်ကြားဘဲ သွားသော်လည်း အာပတ်မသင့်နိုင်ခြင်း။

(၂) တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မယူဆောင်ဘဲ သွားလိုရာသို့ သွားနိုင်ခြင်း။

(၃) ရလာသမျှ သင်္ကန်းတို့ကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ဝတ်ရုံဆင်မြန်းနိုင်ခြင်း။

(၄) ဘောဇဉ်ငါးပါး ဘုန်းပေးရန်မအပ်သော ပင့်နည်းဖြင့် ပင့်လျှောက်သည်ကို လေးပါး၊ လေးပါးထက်ပိုသော ရဟန်းတို့ စုပေါင်းခံယူ ဘုန်းပေးနိုင်ခြင်း။

(၅) ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်လာသော သင်္ကန်းများကို ကထိန်ခင်းသော ရဟန်းတို့က သုံးစွဲနိုင်ခြင်း

ဟူသော အကျိုးတရားငါးပါးတို့ကို ရရှိခံစားနိုင်ပါသည်။ ဝါတွင်းကာလ၌ ဝါမကျိုးမပြတ်အောင် စောင့်စည်းထိန်းသိမ်းနေထိုင်ကြသည့် သံဃာတော်များအား ချီးမြှောက်ဂုဏ်ပြုသည့်အနေဖြင့် ထိုအာနိသင် (အကျိုးသက်ရောက်မှု) ငါးမျိုးကို တပေါင်းလပြည့်တိုင်အောင်(၅)လ ကျယ်ပြန့်စွာ ရရှိစေရန် ပြုလုပ်ခြင်းကို ကထိန်ခင်းခြင်းဟု ခေါ်ပေသည်။ ကထိန်အာနိသင်ငါးမျိုးသည် ကထိန်သင်္ကန်းတည်းဟူသော ဝတ္ထုပစ္စည်းကြောင့် ရဟန်းတော်များ လိုက်နာကျင့်သုံးရသည့် သိက္ခာပုဒ်အချို့ ခေတ္တခဏ ကင်းလွတ်သက်သာခွင့် ရသွားခြင်းဖြစ်သည်။ ဤသည်ကိုပင် ဘုရားရှင်တို့ ချီးမွမ်းခြင်းဖြစ်၏။ မြတ်စွာဘုရား၏ အာဏာစက်ဖြစ်သည့် ဝိနည်းသိက္ခာပုဒ်တို့ကို ခေတ္တခဏ ပယ်နုတ်နိုင်သည်မှာ ကထိန်အလှူ တစ်ခုတည်းသာ ရှိပေသည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော အလှူရှင်များမှာလည်း အကျိုးတရားများကို ရရှိခံစားကြရမည် ဖြစ်ပေသည်။ ထိုအကျိုးတရားများကား–

(၁) သွားလေရာရာ အရပ်တို့၌ အနှောင့်အယှက်မရှိ၊ ဘေးကင်းစွာ သွားရခြင်း။

(၂) မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။

(၃) စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း။

(၄) မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း။

(၅) ပစ္စည်းများ ရှာဖွေရာတွင် သူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက် ရရှိခြင်း။

(၆) ရုပ်ရည်အဆင်း ချောမောလှပခြင်း

ဟူသော အကျိုးတရားများကို ရရှိခံစားနိုင်မည် ဖြစ်ပေသည်။

“**မသိုးသင်္ကန်း**” ဟူသည် သံဃာတော်များကိုယ်တိုင် သင်္ကန်းများကို ချုပ်ဆိုးဝတ်ကြရသည့်ခေတ်က ကထိန်သင်္ကန်း၏ နာမည်ထူးတစ်မျိုးပင်ဖြစ်သည်။ ထိုခေတ်က ရဟန်းသံဃာတော်များသည် ကထိန်ခင်းရန်အတွက် လှူဒါန်းသော အဝတ်ကို ညသိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီ အချိန်အတွင်း သင်္ကန်းပေးအပ်မှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ကြရသည်။ ယင်းကဲ့သို့ ကိစ္စအားလုံးကို နေ့ချင်းပြီးအောင် လုပ်ဆောင်နိုင်သော သင်္ကန်းမျိုးကို “**မသိုးသင်္ကန်း**” ဟု ခေါ်သည်။ သင်္ကန်းချုပ်ဆိုးနေစဉ် အရုဏ်တက်ခဲ့လျှင်ဖြစ်စေ၊ သင်္ကန်းပေးအပ်မှု၊ ချုပ်ဆိုးမှုတို့ကို လုံးဝမပြုဘဲ ညအိပ်ထားလျှင်ဖြစ်စေ၊ သင်္ကန်းသိုးသည်ဟု ဆိုသည်။ အချိန်မီအောင် မဆောင်ရွက်နိုင်သဖြင့် သင်္ကန်းသိုးသွားသည့်အခါ ထိုသင်္ကန်းဖြင့် ကထိန်ခင်း၍မရတော့ပေ။

ယခုမျက်မှောက်ကာလ၌ကား အလှူရှင်ဒါယကာ၊ ဒါယိကာမများက ချုပ်ဆိုးပြီး သင်္ကန်းများကို ကထိန်သင်္ကန်းအဖြစ် လှူဒါန်းကြသဖြင့် ချုပ်ခြင်း၊ ဆိုးခြင်း ကိစ္စများကို သံဃာတော်များကိုယ်တိုင် ပြုလုပ်ရန်မလိုတော့ပေ။ အသင့်ချုပ်ဆိုးပြီး လှူဒါန်းသော သင်္ကန်းဖြင့် ကထိန်ခင်းကြရန်သာ ရှိပေတော့သည်။ မသိုးသင်္ကန်းရက်လှူပွဲသည် ကထိန်ပွဲတော်မှ ဖြာထွက်လာသော ပွဲငယ်တစ်ခုဖြစ်၏။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများက မသိုးသင်္ကန်းရက်၍ မြတ်စွာဘုရားရှင်အား လှူဒါန်းပူဇော်ကြရာမှ “**မသိုးသင်္ကန်းရက်လှူပွဲ**” ဟူသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခု ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

“**ပံ့သကူပစ်ပွဲ**” သည်လည်း တန်ဆောင်မုန်းလ၏ ပွဲတစ်ပွဲဖြစ်သည်။ ပံ့သကူပစ်ပွဲသည် အခြားပွဲများကဲ့သို့ လူစုလူဝေးဖြင့် ထင်ထင်ရှားရှား ကျင်းပပြုလုပ်သော ပွဲမျိုးမဟုတ်၊ လူအများကွယ်ရာမှာတွင်ဖြစ်စေ၊ ညမှောင်ချိန်တွင်ဖြစ်စေ၊ သင်္ကန်းစသည့် သံဃာအသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ် စွန့်ပစ်လှူဒါန်းကြသော ပွဲမျိုးဖြစ်သည်။ ပံ့သကူပစ်ပွဲသည် ရဟန်းသံဃာတော်များ ကျင့်စဉ်ဓမ္မများဖြစ်သော ဓုတင် ၁၃ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပံ့သကူဓုတင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပွဲဖြစ်၏။ “**ပံ့သကူဓုတင်**” အကျင့်ဟူသည်မှာ ဒါယကာ၊ ဒါယိကာမများက တိုက်ရိုက်လှူဒါန်းသည့် သင်္ကန်းကိုပယ်၍ လူတို့စွန့်ပစ်ထားသော အဝတ်များကို ကောက်ယူစုဆောင်းပြီး ချုပ်၊ စပ်၊ ဆိုးထားသော သင်္ကန်းကိုသာ ဝတ်ရုံခြင်းဖြစ်သည်။

ဤတန်ဆောင်မုန်းလသည်ကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကုသိုလ်ကောင်းမှုပြုလုပ်ရာ ပွဲတော်အများဆုံးသော ကာလဖြစ်၏။ ကုသိုလ်ကောင်းမှုဟူသည် လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သောကြောင့် ဤသည် တန်ဆောင်ကာလသမယ၌ မိမိတို့ စွမ်းအားအလျောက် ကုသိုလ်ကောင်းမှု အစုစုတို့ကို ဖြည့်ကျင့်ပြုလုပ်ပွားများအားထုတ်နိုင်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တင်ပြရပါသည်။ ။



## ဘားအံမြို့ လုံးကျွတ် စုပေါင်းပဒေသာပင်လှည့်လည် မဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁**

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းပဒေသာပင် လှည့်လည်ခြင်းနှင့် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီကကျင်းပရာ ပြည်နယ်ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များစုပေါင်း၍ ပဒေသာပင် ၆၂ ပင် တန်ဖိုးငွေ ၇၃၄၇၈၂၂ ကျပ်ကို ဘားအံမြို့အတွင်း လှည့်လည်ကြသည်။

ထို့နောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကိုနံနက် ၁၀ နာရီခွဲက ကျင်းပရာကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တကဝိဇေကဒါယကာဒါယိကာမများအား ကိုးပါးသီလပေးပြီး ကြွရောက်တော်မူကြကုန်သော ဆရာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဆိုတော်မူကြသည်။

ဆက်လက်၍ ကထိန်လျာသင်္ကန်းကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့်ဇနီးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော အလှူရှင်များက ပဒေသာပင်များကို သက်ဆိုင်ရာ ကျောင်းများအတွက် ဆက်ကပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျောင်းကုန်းမြို့မဈေး မိသားစုဘုံကထိန်ပွဲကျင်းပ ဈေးသူဈေးသားများ ကထိန်သင်္ကန်းဆက်ကပ်

**ကျောင်းကုန်း နိုဝင်ဘာ ၂**

(၁၂)ကြိမ်မြောက် မြို့မဈေးမိသားစု စုပေါင်းဘုံကထိန်လှည့်လည်ပွဲနှင့် ရေစက်ချအခမ်းအနားကို အောက်တိုဘာ ၂၈ရက် နံနက် ၇ နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ကျင်းပရာ မြို့မဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ၊ အလှူရှင်များ၊ ကထိန်ဖြစ်မြောက်ရေးကော်မတီဝင်များ စုပေါင်း၍ ငွေကျပ် ၃၆သိန်းကျော်တန် ပဒေသာပင်ကိုးပင်ဖြင့် မြို့မဈေးကြီးမှ ရတနာပုံလမ်း ကမ်းနားလမ်းဆေးရုံမှတစ်ဆင့် မော်သေးပညာရာမိကကျောင်းတိုက်သို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တရားနာရေစက်ချအခမ်းအနားကျင်းပရာ မော်သေးပညာရာမိကကျောင်းတိုက်ဆရာတော် ဦးသုရိယထံ မှ ငါးပါးသီလခံယူပြီး ဈေးကော်မတီဥက္ကဋ္ဌ ဦးဒီတိုးက ဆရာတော်ဦးသုရိယအား ကထိန်သင်္ကန်းကို ကပ်လှူ၍ ဈေးသူ ဈေးသားအလှူရှင်များက ဆရာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူကြ၍ ရေစက်ချတရားနာကြားကြ သည်။ **(၂၆၅)**





## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ရာပြည့်အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ပြည်နယ်၊ တိုင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်မြို့၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ၁၅ ရက်ကကျင်းပရာ ဒလမြို့ ဇေယျာသိဒ္ဓိကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဝိဇ္ဇာလင်္ကာရအမှူးပြုသော ပင့်သံဃာတော်ကိုးပါးအား ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်စိန်နှင့် အရာထမ်း၊ အမှုထမ်းများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြ၍ သင်္ကန်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ပရိတ်တရားတော်များ နာယူကြသည်။

(က–ပ)

## ပလင်းတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့

## သစ္စာဒီပကဓမ္မရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် မြင်သာ(၁၅)ရပ်ကွက် ၁ လမ်း သာသနာ အမှတ်(၆)ဝိုင်း မြို့ဦးကျောင်းတိုက်ရှိ သစ္စာဒီပက ဓမ္မရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာကြီး ဦးကြည်၏ မွေးနေ့ တန်ဆောင်မုန်းလ တရားစခန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (နိုဝင်ဘာ ၉ရက်)မှစ၍ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ သစ္စာဒီပကဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဣန္ဒောဘာသ(ဓမ္မာစရိယ)က ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်(နိုဝင်ဘာ ၈ရက်) ညနေ အရောက်လာရောက်၍တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဖခင်ကြီး ဦးကျော်ငြိမ်း – မိခင်ကြီး ဒေါ်ကြည်ကြည်၊ ဦးခင်မောင်ကြွယ်၊ ဦးခင်မောင်ရီတို့အားရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၁၂၈)နေ ဒေါ်ကြည်ကြည်ငြိမ်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော်၊ အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက်ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၅**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်တွင် ဆောင်ရွက်လျက်ရှိသော ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် တောင်တက်မော်တော်ကားလမ်းတို့အတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို တိုက် ၅ အခန်း ၁၈ ဝေဠုဝန်တိုက်သစ် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ အလှူရှင် ဦးသိမ်းဇော်–ဒေါ်သန်းသန်းနွယ်၊ သားသမီးများနှင့် မြေး မောင်မြတ်သုတနိုင် မိသားစုက နှစ်ဖက်မိဘများဖြစ်ကြသော ဦးဘစိန်–ဒေါ်မြရင်နှင့် ဦးဘညွန့်–ဒေါ်ကံရှိ တို့အားရည်စူး၍ အောက်တိုဘာ ၂၂ ရက်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်းထံ ပေးအပ် လှူဒါန်းသည်။ **(အပေါ်ပုံ)**

### လှူဒါန်းနိုင်

အလားတူ အလှူငွေများကို ဦးဆန်း အမှတ် ၂၁ ပန်းခြံလမ်း(စမ်းချောင်း မီးသတ်အနီး) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**တောင်တွင်းကြီးမြို့ ပြည်လမ်းနှင့် ဘူတာပတ်လမ်း လမ်းဆုံရှိ လမ်းလယ်တြိဂံကျွန်းသာယာလှပရေးအတွက် မြက်ခင်းများဖြတ်ညှိခြင်း၊ ပန်းအလှပင်များ သပ်ရပ်လှပအောင် ပြုပြင်ခြင်း၊ ပန်းမနောတိုင် စိမ်းလန်းစိုပြည် လှပစေရေးအတွက် ပန်းပျိုးပင်များ အစားထိုး လဲလှယ်ပြုပြင်ခြင်းတို့ကို အောက်တိုဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## အထက(၄)အလုံ(ယခင်ဘက်ပ်တစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်) ကျောင်းသူ၊ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

အထက(၄)အလုံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့် အထက် ဆရာ၊ ဆရာမကြီးများအတွက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားနေ့) နံနက်၁၀နာရီတွင် အထက(၄) အလုံ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ လာရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။

### လှူဒါန်းနိုင်

အလှူငွေများကို အထက(၄) အလုံကျောင်းရုံးခန်း ဆရာမဒေါ်ကြည်ကြည်ညွန့် ဖုန်း–၂၂၁၄၀၆ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့အသံ နားဆင်စရာ

**(၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၃ ရက်)**
**၇–၁၁–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သစ်တောရယ်၊ ကျွန်းရယ်၊ အနာဂတ်ရယ်)
၁၁း၃၀ မြန်မာ့မူပိုင်ဇာတိမာန် ဟောပြောချက် (အညံ့မခံစိတ်ဓာတ်အားမာန်ဖြင့် နယ်ချဲ့ကိုတွန်းလှန်သည့် ရှိန်းမကားဗိုလ်ရိုင်း) (ညွှန့်ဟံ–ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပူဇော်မြတ်နိုး ရိုကျိုးသောစိတ်ဓာတ်ရှိသူများ ရရှိသည့်အကျိုး) (ဒေါက်တာမတင်ဝင်း)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (မြင့်မြတ်ကြွခိုင်မိုးသို့တိုင်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (အိုင်းကြင်းတွေဆန်) (သာရဝေါစိုးကြည်)
၁၃း၁၀ ပညာရေးအစီအစဉ် (ပဉ္စမတန်း–အထွေထွေသိပ္ပံ) (အက်တမ်၊ မော်လီကျူး၊ ဒြပ်စင်၊ ဒြပ်နှော၊ ဒြပ်ပေါင်း)

**ညနေပိုင်း**

၁၆း၁၀ ဟောပြောချက်အစီအစဉ် (ဖွံ့ဖြိုးဝေစည်လျက်ရှိသော ဓွဲကပင်မြေ)
၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မြစ်သံလွင်ရဲ့ ဓွဲကပင် (ကိုမြကြီးနှင့်အဖွဲ့)
(၂) ငြိမ်းချမ်းတဲ့ကဗျာ (လေလှိုင်းသံအဖွဲ့)
(၃) တို့ကမ္ဘာလေးက ပျော်စရာ (ကိုတင်ကိုးအဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျဲကျဲလှမ်း သွက်သွက်လျှောက်) (ဒေါက်တာရဲနိုင်)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရွှေအလား)
၁၉း၁၅ ကျန်းမာရေးနှင့်ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၂၀း၃၀ ကလေးများ၏သီချင်းဆိုပြိုင်ပွဲ (ရာသက်ပန်ပြည်ထောင်စု)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အမေနဲ့ရွာကိုလွမ်းတယ် (ဟသ်ာတထွန်းရင်)
(၂) လွမ်းကြွေးဆပ်ရင်း (တက္ကသိုလ်လဲ့လဲ့)
(၃) ကျမျက်ရည်မကြေညာစတမ်း (မောင်မောင်ကြီး)

## ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကြီးမှူး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးသင်တန်းဖွင့်

**ဆီဆိုင် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေစိုးက ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား၁၀ဦး တက်ရောက်ကြသည်။ **(ဝ၄၈)**

## ကျေးလက်ရေပေးရေး တိုင်းတာဆောင်ရွက်

**ဖားကန့် အောက်တိုဘာ ၂၅**

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော ဖားကန့်မြို့ တာမခံကျေးရွာတွင် တာမခံ ရေပေးရေးလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၃ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်မှုဖြင့် အင်ဂျင်နီယာမှူး ဦးအောင်သိန်းဝင်းနှင့် အင်ဂျင်နီယာအဖွဲ့တို့ ကွင်းဆင်းတိုင်းတာစစ်ဆေး ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



**ပြည်မြို့ ပျဉ်းမအိုင်ကျေးရွာ မျိုးဆက်သစ်အားမာန်စာကြည့်တိုက်သို့ ရန်ကုန်မြို့နေ ဦးမျိုးလှိုင်–ဒေါ်ရင်ရင်ငွေ၊ သမီး ဒေါက်တာ လွင်လွင်ဦးလှိုင် [စာရေးဆရာမ ဒေါက်တာလမင်း (ခ) မဦး] မိသားစုက စာအုပ်ပေါင်း ၃၁၁အုပ်ကို ဒုတိယအကြိမ်ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် စာကြည့်တိုက်မှူး ဦးဝင်းဦးတို့က လက်ခံယူကြစဉ်။** (ခရိုင် ပြန်/ဆက်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ မြန်မာ-တရုတ်နှစ်နိုင်ငံ အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေများဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၃၁ရက် ညနေ ၅နာရီတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)၌ တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာချန်းယွမ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်အား Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားတို့ တက်ရောက်ကြပြီး တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

### တိုးမြှင့်ဆောင်ရွက်

တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အထွေထွေသဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ဘဏ်အချင်းချင်းဆက်သွယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများလည်း တက်ကြွစွာချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၆ ရက် (ယနေ့)၌ တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။**

# မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ တက်ရောက်အားပေးဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၅**

ပြည်ထောင်စုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသော ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ (3 rd Asian Archery Grand Prix-2006) ဆုပေးပွဲကို ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အားပေးပြီး ဆုများချီးမြှင့်ပေးသည်။



**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ အမျိုးသား (Compound) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော မြန်မာအသင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### တက်ရောက်

အဆိုပါဆုပေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. San Guan Kosanvinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj:(RED) Baharuddin Jamil၊ အာရှမြားပစ် အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)၊ အပြည်ပြည်ဆိုင်ရာ မြားပစ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်နိုင်ငံ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဆုများချီးမြှင့်

ရှေးဦးစွာ အမျိုးသား (Compound) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲ (Team Ranking)တွင် ပထမ(ရွှေတံဆိပ်) ရရှိသော မြန်မာအသင်း၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော မလေးရှားအသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော အိန္ဒိယအသင်းတို့ကိုလည်းကောင်း၊ အမျိုးသား(Recurve) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲ (Team Ranking)တွင် ပထမ (ရွှေတံဆိပ်)ရရှိသော အိန္ဒိယအသင်း၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော တရုတ်-တိုင်ပေအသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော

*စာမျက်နှာ ၅ ကော်လံ ၁* ❐

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြှင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြှင့်မားရေး